# ကရင်နီပြည်၏
# ကြားကာလ အစီအမံ

လက်ရှိတော်လှန်ရေးကာလမှ စစ်အာဏာရှင်
ချုပ်ငြိမ်းသည့် အချိန်ကာလအထိ ကျင့်သုံးမည့်
အစီအမံဖြစ်သည်။

၂၀၂၄ ခုနှစ် အောက်တိုဘာလ (၂၆) ရက်နေ့

# ကရင်နီပြည်၏ ကြားကာလအစီအမံ

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့။**

(၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ပြဋ္ဌာန်းထားသည့် ကရင်နီပြည်၏ ကြားကာလအစီအမံအား ပြန်လည်သုံးသပ် ပြင်ဆင်ဖြည့်စွက်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၆) ရက်နေ့တွင် အတည်ပြုထားပါသည်)

**နိဒါန်း** ၁

**အခန်း (၁)**
ကရင်နီပြည် အတိုင်ပင်ခံကောင်စီ အားဖွဲ့စည်းခြင်း ၂
(Karenni State Consultative Council - KSCC)

**အခန်း (၂)**
နိုင်ငံရေးလမ်းပြမြေပုံ ၁၁
(Road Map)

**အခန်း (၃)**
ပြည်နယ်၏ အင်္ဂါရပ် ၁၂

**အခန်း (၄)**
ကြားကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့်
အခြေခံအခွင့်အရေးနှင့် လုပ်ငန်းစဉ်များ ၁၃

**အခန်း (၅)**
ကြားကာလ ကရင်နီပြည် အုပ်ချုပ်ရေး ၁၉

**အခန်း (၆)**
လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာ ဖွဲ့စည်းမှုနှင့် ပြုပြင်ပြောင်းလဲခြင်း ၂၈

**အခန်း (၇)**
ကြားကာလ ကရင်နီပြည် ဥပဒေပြုရေး ၃၀

**အခန်း (၈)**
ကြားကာလ ကရင်နီပြည် တရားစီရင်ရေး ၃၈

**အခန်း (၉)**
အထွေထွေပြဋ္ဌာန်းချက်များ ၄၅
(General Provision)

## နိဒါန်း

ယခုအချိန်သည် ကရင်နီပြည်အတွင်း တော်လှန်ရေးကာလ၊ ကြားကာလအတွက် ကြားကာလအစီအမံ *(interim arrangement)* တစ်ခု အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန်အတွက် လိုအပ်နေပေသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁)ရက်နေ့၌ တရားမဝင်အာဏာသိမ်းစစ်တပ်မှ တိုင်းပြည်၏အာဏာကို သိမ်းယူပြီးသည့် အချိန်မှစ၍ မြန်မာပြည်တစ်ဝှမ်း စစ်အာဏာရှင်ဆန့်ကျင်ရေး လူထုလှုပ်ရှားမှုများ ပေါ်ပေါက်လာခဲ့ရပြီး နောက်ပိုင်းတွင် တရားမဝင်အာဏာသိမ်းစစ်တပ်မှ အကြမ်းဖက်ဖြိုခွင်းမှုများကြောင့် လူထုများမှ လက်နက်ကိုင် တော်လှန်တိုက်ပွဲဝင်လာသည့် အခင်းအကျင်းများ ဖြစ်ပေါ်လာခဲ့ရသည်။ ကရင်နီပြည်အတွင်းတွင်လည်း စစ်အာဏာရှင်အား အကြမ်းမဖက် ဆန့်ကျင်လှုပ်ရှားမှုများမှ ၂၀၂၁ ခုနှစ်၊ မေလ (၂၁) ရက်နေ့ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးရပ်ကွက်တွင်စတင်ပြီး လူထုပါဝင် လက်နက်ကိုင်တိုက်ပွဲကို ဆင်နွှဲလာခဲ့သည်မှာ ယနေ့အချိန်အထိ ဖြစ်သည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၉) ရက်နေ့တွင် ပြည်နယ်အတွင်းရှိ အင်အားစုများအား အတတ်နိုင်ဆုံးစုစည်း၍ စတင်ဖွဲ့စည်းခဲ့ပြီး ပြည်သူလူထုလုံခြုံရေး၊ လူသားချင်း စာနာထောက်ထားမှု အကူအညီများရရှိရေးနှင့် အခြားလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျှက်ရှိသည်။

လက်ရှိတော်လှန်ရေးကာလတွင် ကရင်နီပြည်အတွင်းရှိ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများမှာ ယိုယွင်းပျက်စီးနေခဲ့ပြီး လူထုအတွက်လိုအပ်ချက်များနှင့် ကူညီဆောင်ရွက်မှုများကို စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် အဓိကလိုအပ်နေသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကဏ္ဍများအပြင် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကဏ္ဍများ၊ လူထုဘဝလုံခြုံမှု၏ အခြေခံအဆောက်အအုံများ ဖြစ်ကြသော ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးကဏ္ဍများအား လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေပေသည်။

လက်ရှိတွင် ပြည်သူ့ညီလာခံမှ အတည်ပြုပြဋ္ဌာန်းထားသည့် ဖယ်ဒရယ်ဒီမိုကရေစီ ပဋိဉာဉ် အစိတ်အပိုင်း -၂ တွင် ဖော်ပြပါရှိသည့် ကြားကာလ ပြည်နယ်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အထူးလိုအပ်နေသည်ဖြစ်၍ **ကရင်နီပြည်၏ ကြားကာလအစီအမံ**ကို ရေးဆွဲပြဋ္ဌာန်းလိုက်ရခြင်း ဖြစ်ပါသည်။

## အခန်း (၁)

## ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council- KSCC) ဖွဲ့စည်းခြင်း

### ကရင်နီပြည်အတိုင်ပင်ခံကောင်စီ

၁။ ကြားကာလမှ ဖယ်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်နိုင်သည့်ကာလအထိ ပြည်နယ်အတွင်းရှိ ကရင်နီအမျိုးသားများနှင့် ပြည်နယ်သားအားလုံးအတူတကွပူးပေါင်း၍ မိမိပြည်နယ်၏ သယံဇာတများကို ကိုယ်ပိုင်ခွဲဝေ စီမံခန့်ခွဲပိုင်ခွင့်နှင့် မိမိယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများအား ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပိုင်ခွင့်ရှိသည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများအား ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်အညီ လုပ်ပိုင်ခွင့်အပြည့်အဝရှိရန်အတွက် လည်းကောင်း၊ ကရင်နီပြည်သူလူထုတစ်ရပ်လုံး ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဝိုင်းဝန်းတည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူပူအမျှ အတူတကွယှဉ်တွဲ နေထိုင်ရေးအတွက် လည်းကောင်း ရည်ရွယ်၍ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား အောက်ပါ အစု၊ အဖွဲ့ကြီး (၅) ခုဖြင့် ဖွဲ့စည်းထားရှိသည်-

(က) ကရင်နီပြည်အတွင်းရှိ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ အစုအဖွဲ့၊

(ခ) နိုင်ငံရေးပါတီကိုယ်စားပြု အစုအဖွဲ့၊

(ဂ) ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၊

(ဃ) လူငယ်များအင်အားစု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ အစုအဖွဲ့၊

(င) အမျိုးသမီးကိုယ်စားပြု အစုအဖွဲ့။

### နိုင်ငံရေး ဦးတည်ချက်၊ နိုင်ငံရေးပန်းတိုင်

၂။ နိုင်ငံရေး ဦးတည်ချက်၊ နိုင်ငံရေးပန်းတိုင်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊

(ခ) စစ်အာဏာရှင်နှင့် အာဏာရှင်ဟူသမျှ ချုပ်ငြိမ်းရေး၊

(ဂ) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေး၊

(ဃ) ပြည်နယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ထွန်းရေး၊

(င) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အား အပြည့်အဝ ကျင့်သုံးရေး။

## ရည်ရွယ်ချက်

၃။ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကရင်နီပြည်အတွင်း စုပေါင်းခေါင်းဆောင်မှုစနစ်ဖြင့် ကရင်နီပြည်အစိုးရတစ်ရပ် ပေါ်ထွန်းလာစေရန်၊

(ခ) ကရင်နီပြည်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာများကို အပြန်အလှန်ထိန်းညှိပေးနိုင်သည့် ဖွဲ့စည်းပုံတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် ဆွေးနွေးတိုင်ပင်မှုဖြင့် လမ်းညွှန်အကောင်အထည်ဖေါ်ဆောင်နိုင်ရန်၊

(ဂ) ကရင်နီပြည်အတွင်းရှိ အင်အားစုအသီးသီးက ပြည်နယ်၏ နိုင်ငံရေးမဟာဗျူဟာလုပ်ငန်းစဉ်များတွင် လက်တွေ့ကျကျ ပါဝင်ပူးပေါင်းလာစေရန်နှင့် ဆက်စပ်ညှိနှိုင်းပေးနိုင်ရန်၊

(ဃ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲ အတည်ပြုနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်၊

(င) စစ်အာဏာရှင်ကျဆုံးရေးနှင့် အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးနှင့် ပူးပေါင်း၍ တော်လှန်ရေးဆောင်ရွက်ရန်။

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အခြေခံမူများ

၄။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အခြေခံမူမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေး၊

(ခ) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး) ရရှိရေး၊

(ဂ) ပြည်ထောင်စုအချုပ်အခြာအာဏာသည် အဖွဲ့ဝင် ပြည်နယ် သို့မဟုတ် ဖက်ဒရယ်ယူနစ်၏ လက်ဝယ်တွင် ရှိရေး၊

(ဃ) ကရင်နီပြည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး၊

(င) ကရင်နီပြည်၏ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စသည့်အဆင့်ဆင့်တိုင်းတွင် အမျိုးသမီးပါဝင်မှု အနည်းဆုံး (၃၀) ရာခိုင်နှုန်း အချိုးကျပါဝင်ရမည့်အပြင် အဆုံးအဖြတ်ပေးသည့် ကဏ္ဍအသီးသီးတွင်လည်း ပါဝင်ရမည်၊

(စ) ကရင်နီပြည်၏ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတွင် လူမျိုး၊ ယုံကြည်ကိုးကွယ်မှု၊ လိင်စိတ်ကွဲပြားမှု၊ ထိခိုက်လွယ်မှု (vulnerable) အပေါ်အခြေမခံဘဲ တန်းတူအခွင့်အရေး ရှိရမည်၊

(ဆ) ကရင်နီပြည် အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council- KSCC) သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ဆဲ ကြားကာလ (တော်လှန်ရေးကာလ)တွင် ကရင်နီပြည်၏ နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ အမြင့်ဆုံးဖြစ်သည်။

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ စံတန်ဖိုးများ

၅။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ စံတန်ဖိုးများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကရင်နီပြည်နှင့် ပြည်နယ်သူ၊ ပြည်နယ်သားများအပေါ် ကျေးဇူးသစ္စာစောင့်သိခြင်း၊

(ခ) နိုင်ငံရေးရပ်တည်မှု၊ လူမျိုးဖြစ်တည်မှု၊ ယုံကြည်ကိုးကွယ်မှု၊ လိင်စိတ်ကွဲပြားမှု၊ တန်းတူညီမျှမှုနှင့် စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုလေးစားခြင်း၊

(ဂ) လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာခြင်း၊

(ဃ) လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စံနှုန်းများကို လေးစားလိုက်နာခြင်း၊

(င) တန်းတူရေး၊ တရားမျှတရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို တန်ဖိုးထားခြင်း။

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များ၏ အရည်အချင်းစံသတ်မှတ်ချက်များ

၆။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်သည် အောက်ပါအရည်အချင်းစံသတ်မှတ်ချက်များနှင့် ပြည့်စုံရမည်-

(က) လက်ရှိဖြစ်ပေါ်နေသည့် ပြည်တွင်းနိုင်ငံရေးနှင့်ဆက်စပ်ပြီး ပြုပြင်ပြောင်းလဲလိုစိတ်နှင့် ပြည်နယ်အရေးကို စိတ်အားထက်သန်သူ ဖြစ်ခြင်း၊

(ခ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင် ပါဝင်မည့် ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာအဖွဲ့အစည်း ကိုယ်စားပြုမှု ရှိသူဖြစ်ခြင်း၊

(ဂ) (၁) မိခင်အဖွဲ့အစည်း သို့မဟုတ် မိမိကိုယ်စားပြုသည့် အစုအဖွဲ့၏ မူဝါဒများအား ကောင်းမွန်စွာ သိရှိနားလည်ကြေညက်ပြီး ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်သည့် ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် သို့မဟုတ် ယင်းကော်မတီဝင်အဆင့်နှင့် ကိုက်ညီသည့် ရာထူးရှိသူဖြစ်ခြင်း၊

(၂) လူငယ်နှင့် လူနည်းစုဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူထုသပိတ်လှုပ်ရှားမှုဆိုင်ရာ အဖွဲ့အစည်းများ (အာဏာရှင်စနစ်ဆန့်ကျင်ရေး (CDM) လှုပ်ရှားမှုဆိုင်ရာအဖွဲ့အစည်းများ၊ သပိတ်အင်အားစုများ) နှင့် အမျိုးသမီးများ စသည့် အင်အားစုများအနေဖြင့် သက်ဆိုင်ရာအင်အားစုများကို ကိုယ်စားပြုသူ ဖြစ်ခြင်း၊

(ဃ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင်ပါဝင်မည့် အဖွဲ့အစည်း ကိုယ်စားပြုပုဂ္ဂိုလ်များသည် စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် တော်လှန်ရေး၌ တွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း၊

(င) ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင်ပါဝင်မည့် ကိုယ်စားပြုကိုယ်စားလှယ်သည် တရားမဝင် အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်ပြီး ကရင်နီပြည်၏ကြားကာလအစီအမံအား လက်ခံကျင့်သုံးနိုင်သည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း၊

(စ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင်ပါဝင်မည့် အင်အားစုများသည် ဖွဲ့စည်းထားသည့်ပုံစံနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခြေအနေချင်းမတူညီနိုင်သည့်အတွက် ပါဝင်ဖွဲ့စည်းမည့် ဦးရေအရေအတွက်သည်လည်း တူညီနိုင်မှုရှိမည်မဟုတ်သည်ကို လက်ခံနိုင်သူ ဖြစ်ခြင်း။

**ကရင်နီပြည်အတိုင်ပင်ခံကောင်စီဖွဲ့စည်းခြင်း**

၇။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား အောက်ပါအတိုင်း (၁၇) ဦးဖြင့် ဖွဲ့စည်းသည်-

| | | |
|---|---|---|
| (က) | ကရင်နီပြည်အတွင်းရှိ စစ်အာဏာမသိမ်းမီ ဖွဲ့စည်းတည်ရှိခဲ့သည့်တော်လှန်ရေး အဖွဲ့အစည်းများကိုယ်စားလှယ် | - (၄) ဦး |
| (ခ) | နိုင်ငံရေးပါတီ ကိုယ်စားလှယ် | - (၂) ဦး |
| (ဂ) | ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲအနိုင်ရလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ ကိုယ်စားလှယ် | - (၃) ဦး |
| (ဃ) | လူငယ်များအင်အားစု၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုသပိတ်လှုပ်ရှားမှု ဆိုင်ရာ အဖွဲ့အစည်းများ ကိုယ်စားလှယ် | - (၆) ဦး |
| (င) | အမျိုးသမီးအင်အားစု ကိုယ်စားလှယ် | - (၂) ဦး |

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း

၈။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များကို ရွေးချယ်တင်မြှောက်ရာတွင် အပိုဒ် ၇ ပါ အဖွဲ့အစည်း သို့မဟုတ် အင်အားစုများသည် သတ်မှတ်အရည်အချင်းနှင့်အညီ မိမိအဖွဲ့အစည်း သို့မဟုတ် အင်အားစု၏ ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် ကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းရမည်။ ယင်းသို့ အမည်စာရင်းတင်သွင်းခံရသူသည် ပြည်နယ်အတိုင်ပင်ခံကောင်စီဝင် အလိုအလျောက် ဖြစ်သည်။

(ခ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ယင်းကောင်စီဝင်များဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင် (၃) ဦး၊ စုစုပေါင်း (၇) ဦးတို့အား လျှို့ဝှက်မဲပေးရွေးချယ်၍ ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်။

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်

၉။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် -

(၁) စစ်အာဏာရှင်ကျဆုံးရေးနှင့် အာဏာရှင်စနစ် အမြစ်ပြတ်ချုပ်ငြိမ်းရေးအတွက် ပြည်သူလူထု တစ်ရပ်လုံးနှင့် ပူးပေါင်း၍ တော်လှန်ရေးကိုဆောင်ရွက်ခြင်း၊

(၂) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ အင်အားစုများအားလုံးအကြားတွင် နိုင်ငံရေးမဟာဗျူဟာများ၊ မူဝါဒများအား အတူတကွ ချမှတ်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဦးဆောင်ခြင်း၊

(၃) ကရင်နီပြည်၏ အင်အားစုအသီးသီးနှင့် ချိတ်ဆက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ခြင်းမှ တဆင့် ကြားကာလအစီအမံများအား အတည်ပြုခြင်း နှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(၄) ပြည်နယ်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်နယ်အတွင်းရှိ လက်နက်ကိုင် တော်လှန်ရေးအင်အားစုများ အကြား စည်းလုံးညီညွတ်ရေး တည်ဆောက်ခြင်း၊

(၅) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ကရင်နီပြည် ကြားကာလလွှတ်တော် နှင့် ကရင်နီပြည်တရားရုံးချုပ် တို့ကို ဖွဲ့စည်းတည်ထောင်ခြင်း၊

(၆) ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များ အတွက် မူဝါဒအရ ထိန်းညှိခြင်းနှင့် လမ်းညွှန်ခြင်း၊

(၇) အသွင်ကူးပြောင်းရေးဆိုင်ရာ စီမံချက်လုပ်ငန်းစဉ်များအား ချမှတ်ဆောင်ရွက်ခြင်း၊

(၈) ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကာလအတွက် ပြည်နယ်၏ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(၉) အဖွဲ့ဝင်များအကြား အငြင်းပွားမှုများအား ကိုင်တွယ်ဖြေရှင်းခြင်း၊

(၁၀) ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအင်အားစုများ၊ အခြားသော ဖက်ဒရယ်ကောင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(၁၁) အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ခြင်း၊

(၁၂) အပိုဒ်ခွဲ (၁၁) ပါ စေလွှတ်ထားသည့် ကိုယ်စားလှယ်များအား ကြီးကြပ်ခြင်းနှင့် လိုအပ်ပါက အခန်းကဏ္ဍအလိုက် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ အစည်းအဝေးများ တွင် ခေါ်ယူဆွေးနွေးခြင်း၊

(၁၃) ကြားကာလအစီအမံများကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာတွင် လိုအပ်သည့် ကော်မရှင်များ ဖွဲ့စည်းနိုင်ရန်အတွက် လမ်းညွှန်မှုပေးခြင်း၊

(ခ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် -

(၁) ကရင်နီပြည် ကြားကာလအစီအမံ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒများ၊ အမိန့်ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်နိုင်သည်၊

(၂) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

(၃) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လိုအပ်သည့် နည်းပညာအထောက်အကူအဖွဲ့၊ လုပ်ငန်းအဖွဲ့များကို လုပ်ငန်းတာဝန်များ ချမှတ်၍ ဖွဲ့စည်းနိုင်သည်၊

(၄) အမျိုးသားညီညွတ်ရေးအစိုးရ (NUG) တွင်စေလွှတ်ထားသည့် ဝန်ကြီးများ၊ ဒု-ဝန်ကြီးများ၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC)၊ ပူးတွဲကော်မတီများ

(JCC) တွင် စေလွှတ်ထားသည့် ပုဂ္ဂိုလ်များအား ပြောင်းလဲ ခန့်အပ်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်းများ ပြုနိုင်သည်၊

(၅) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရေးအတွက် သင့်လျော်သည့် ဒေသတစ်ခုတွင် ပြည်နယ်အတိုင်ပင်ခံ ကောင်စီရုံးအား ဖွင့်လှစ် ဆောင်ရွက်နိုင်သည်။

၁၀။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် တာဝန်နှင့် လုပ်ပိုင်ခွင့် ချမှတ်၍ ကောင်စီဝင်များဖြင့် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းအပ်နှင်းရမည်။

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်များအား အရေးယူဆောင်ရွက်ခြင်း

၁၁။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်အား အောက်ပါအကြောင်းအရာပါ အချက်များအနက် တစ်ရပ်ရပ်ကို ကျူးလွန်သည်ဟုတွေ့ရှိပါက စုံစမ်းစစ်ဆေး အရေးယူရမည်-

(၁) ကရင်နီပြည်၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း၊

(၂) ဤ ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခြင်း။

(ခ) အထက်ပါ အပိုဒ်ခွဲ (က) အရ ကောင်စီဝင်ကို စုံစမ်းစစ်ဆေးရာတွင် လွတ်လပ်သောစုံစမ်း စစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်များကို ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့ ပြန်လည်တင်ပြရမည်။

(ဂ) ကရင်နီပြည် အတိုင်ပင်ခံကောင်စီသည် ကောင်စီဝင်အများစုက ကောင်စီအတွင်းသာ အရေးယူသင့်သည်ဟု ဆုံးဖြတ်လျှင် ကောင်စီအတွင်း စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူနိုင်သည် သို့မဟုတ် ကောင်စီဝင်အများစုက ပြည်နယ်တရားရုံးချုပ်၌ တရားစွဲဆို ရမည်ဟုဆုံးဖြတ်လျှင် တရားလိုပြုပြီး တရားစွဲဆိုရမည်။

(ဃ) တရားစွဲဆိုခံရစဉ်ကာလတွင် ယင်းကောင်စီဝင်၏ ရာထူးအား ဆိုင်းငံ့ထားရမည်။

(င) ကရင်နီပြည်၊ ပြည်နယ်တရားရုံးချုပ်က ယင်းကောင်စီဝင်ကို ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်လျှင် ယင်းကောင်စီဝင်ကို ရာထူးမှထုတ်ပယ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**ကရင်နီပြည် အတိုင်ပင်ခံကောင်စီ(KSCC)က ပြည်နယ်၏ ကိုယ်စားလှယ်အဖြစ်စေလွှတ်ခြင်းခံရသည့် အမျိုးသား ညီညွတ်ရေးအစိုးရ(NUG)တွင် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍ**

၁၂။ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တွင် ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ကိုယ်စားလှယ်များသည် -

(က) အမျိုးသားညီညွတ်ရေးအစိုးရ(NUG)မှ ပေးအပ်ထားသော တာဝန်ဝတ္တရားများကို အဓိက အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည်၊

(ခ) သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်၊

(ဂ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများအတွက် တက်ရောက်အကြံပြု ဆွေးနွေးနိုင်သည်၊ သို့သော် ကရင်နီပြည်၏ အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အဆုံးအဖြတ်သည်သာ အတည်ဖြစ်သည်၊

(ဃ) အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တွင် မူဝါဒရေးရာဆုံးဖြတ်မှုများရှိလျှင် ကရင်နီပြည် အတိုင်ပင်ခံကောင်စီနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ရမည်။

**ကရင်နီပြည် အတိုင်ပင်ခံကောင်စီ(KSCC)က ပြည်နယ်၏ ကိုယ်စားလှယ်အဖြစ်စေလွှတ်ခြင်းခံရသည့် အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ(NUCC)နှင့် ပူးပေါင်းကော်မတီများ (JCC)များတွင် တာဝန်ယူ ဆောင်ရွက်နေသည့် ကိုယ်စားလှယ်များအခန်းကဏ္ဍ**

၁၃။ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)နှင့် ပူးပေါင်းကော်မတီများ(JCC)တွင် တာဝန်ယူ ဆောင်ရွက်နေသော ကိုယ်စားလှယ်များသည် -

(က) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)နှင့် ပူးပေါင်းကော်မတီများ (JCC)၏ လုပ်ငန်းတာဝန်များကို ပြည်နယ်ကိုယ်စားပြုဆောင်ရွက်ရာတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်၊

(ခ) မိမိလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြနိုင်ရန် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အစည်းအဝေးများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တက်ရောက်တင်ပြဆွေးနွေးနိုင်သည်၊

(ဂ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီဝင်မဟုတ်ပါက ကောင်စီအစည်းအဝေးများသို့ တက်ရောက် ဆွေးနွေးနိုင်သော်လည်း အဆုံးအဖြတ်သည် ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ အဆုံးအဖြတ် သည်သာ အတည်ဖြစ်သည်၊

(ဃ) ပြည်ထောင်စုတွင် မူဝါဒရေးရာများကို ဆွေးနွေးဆုံးဖြတ်ရာတွင် ကရင်နီပြည်အတိုင်ပင်ခံ ကောင်စီ ၏ သဘောထားနှင့်အညီ ဆွေးနွေးဆုံးဖြတ်ပြီး ဖြစ်စဉ်များကို ပြန်လည်တင်ပြရမည်။

၁၄။ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပါကိုယ်စားလှယ်များသည် ပြည်ထောင်စုတွင် တာဝန်ထမ်းဆောင်ရာတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ချမှတ်သည့် နိုင်ငံရေးမူဝါဒနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်းမပြုရ။

## ကရင်နီပြည် မူဝါဒများချမှတ်ခြင်း

၁၅။ ကရင်နီပြည်ဆိုင်ရာမူဝါဒများကို အောက်ပါအတိုင်းချမှတ်ရမည်-

(က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည်-

(၁) ပြည်နယ်၏ နိုင်ငံရေး၊ နိုင်ငံတကာမဟာမိတ်ဆက်ဆံရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်သည်၊

(၂) လူမှုစီးပွားရေး၊ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ မူဝါဒမူကြမ်းများကို သက်ဆိုင်ရာမဏ္ဍိုင်သို့ လွှဲအပ်၍ဖြစ်စေ၊ ယင်းတို့နှင့်ပူးတွဲ၍ဖြစ်စေ ရေးဆွဲပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီအစည်းအဝေးတွင် အတည်ပြု ချမှတ်နိုင်သည်။

(ခ) ပြည်နယ်အတွင်းရှိ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်များသည် သက်ဆိုင်ရာဌာနတွင်း စီမံခန့်ခွဲမှုဆိုင်ရာမူဝါဒများကို ကရင်နီပြည်ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လွတ်လပ်စွာ ချမှတ်နိုင်သည်။

၁၆။ အပိုဒ် ၁၅ (က) ပါ မူဝါဒများ ချမှတ်ရာတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ချမှတ်ထားသည့် မူဝါဒတင်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## နိုင်ငံရေးလမ်းပြမြေပုံ (Road Map)

### နိုင်ငံရေးလမ်းပြမြေပုံ (အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များ)

၁၇။ ကရင်နီပြည်၏ ကြားကာလ နိုင်ငံရေးလမ်းပြမြေပုံအား အောက်ပါအတိုင်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ကရင်နီပြည်ရှိ ပါဝင်ဆက်နွှယ်သူများ(stakeholders)၏ ညီညွတ်ရေးနှင့် ပူးပေါင်းပါဝင်ရေးကို ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခြင်း၊

(ခ) အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ(NUCC)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)၊ အခြားတိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းများ၊ အခြားအင်အားစုများနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း၊

(ဂ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အဖွဲ့ဝင်၊ အဖွဲ့အစည်းများအကြား ပြည်နယ်၏ ကြားကာလ အစီအမံ မူကြမ်းရေးဆွဲခြင်းနှင့် ကနဦးအတည်ပြုခြင်း၊

(ဃ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီအတွင်းရှိ တော်လှန်ရေးအင်အားစုများအားလုံး ပါဝင်သည့် ညီလာခံတွင် ကြားကာလအစီအမံကို ထပ်လောင်းအတည်ပြုခြင်း၊

(င) ကရင်နီပြည်အတိုင်ပင်ခံကောင်စီအား ပြန်လည်ရွေးချယ်ဖွဲ့စည်းခြင်း၊

(စ) ကရင်နီပြည် ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး ယန္တရားများကို စနစ်တကျ ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဆ) ကရင်နီပြည်အတွင်းရှိ ပြည်သူလူထုကို ကရင်နီပြည် ကြားကာလအစီအမံများနှင့် လုပ်ငန်းစဉ် များအား ရှင်းလင်းချပြခြင်း၊

(ဇ) ကရင်နီပြည် အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း လုပ်ငန်းစဉ် များအား ရေးဆွဲချမှတ်ခြင်း၊

(ဈ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ည) ကရင်နီပြည်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်းလုပ်ငန်းစဉ် ရေးဆွဲချမှတ်ခြင်း။

# အခန်း (၃)

# ကရင်နီပြည်၏ အင်္ဂါရပ်

## ကရင်နီပြည်၏ အကျယ်အဝန်းနှင့် ဖွဲ့စည်းမှု

၁၈။ ကရင်နီပြည်၏ ကြားကာလအစီအမံတွင် ကရင်နီပြည် အကျယ်အဝန်းနှင့် ပထဝီအနေအထားသည် သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ကရင်နီပြည်၏ နယ်(၄)နယ်ကိုအခြေခံ၍ ကန္တာရဝတီနယ်၊ ကျယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်နှင့် မိုးဗြဲနယ် အပါအဝင် ကရင်နီအမျိုးသားများ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြသောဒေသများဖြင့် နိုင်ငံရေးအရ ပြန်လည်စုစည်းပြီး ဖက်ဒရယ် ပြည်ထောင်စု၏ အဖွဲ့ဝင်ပြည်နယ် တစ်ပြည်နယ် ဖြစ်သည်။

## အာဏာပိုင်းခြားသတ်မှတ်ခြင်း

၁၉။ ကရင်နီပြည်၏ ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသော မဏ္ဍိုင်သုံးရပ်သည် သီးခြားအာဏာတည်ရှိ၍ အပြန်အလှန်ထိန်းကျောင်းမှုကို ဤကြားကာလအစီအမံမှ အာမခံပေးသည်။

## အခန်း(၄)

## ကြားကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကဏ္ဍအလိုက် အခြေခံမူများ

### အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခြေခံမူများ

၂၀။ (က) လိင်ကွဲပြားမှုအပေါ်အခြေမခံဘဲ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရာစီရင်ရေး စသည့် ကဏ္ဍအသီးသီးတွင် အမျိုးသမီးများပါဝင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်များရရှိရေးအတွက် အစီအမံများ ထားရှိရမည်။

(ခ) အမျိုးသမီးများအား နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းခွင်များတွင် ခွဲခြားမှုမရှိဘဲ လုပ်ငန်းနယ်ပယ်အသီးသီးတွင် ပါဝင်ဆုံးဖြတ် လုပ်ဆောင်နိုင်ရေးအတွက် အထူးလုပ်ငန်းစီမံဆောင်ရွက်ချက်များကို ချမှတ်ဖော်ဆောင်ခွင့်ရှိရမည်။

(ဂ) အမျိုးသမီးနှင့်ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာနှင့် အကြမ်းဖက်မှုအမျိုးမျိုးမှ အကာအကွယ်ပေးနိုင်သော လုပ်ငန်းစဉ်များကို အထူးချမှတ်ဆောင်ရွက်ရမည်။

(ဃ) စစ်ဘေးရှောင်အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ မြှင့်တင်မှုလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(င) မိခင်နှင့်ကလေး၊ ကိုယ်ဝန်သည်မိခင်လောင်းများအတွက် လိုအပ်သော ကျန်းမာရေးနှင့်အာဟာရ လိုအပ်ချက်များအတွက် စီမံဆောင်ရွက်ရမည်။

### လူငယ်အခွင့်အရေးဆိုင်ရာ အခြေခံမူများ

၂၁။ (က) လူငယ်များနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ လူမှုစီးပွားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူငယ်များ ပါဝင်ဆောင်ရွက်ခွင့်ရှိရမည်။

(ခ) လူငယ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရ၏ နှစ်စဉ်ဘဏ္ဍာငွေများကို လျာထားသုံးစွဲရမည်။

(ဂ) အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့် အခန်းကဏ္ဍအလိုက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍကို ထည့်သွင်းဆောင်ရွက်ရမည်။

(ဃ) လူငယ်ရေးရာကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းရမည်။

## လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ဘေးဒုက္ခသည်များဆိုင်ရာ အခြေခံမူများ

၂၂။ (က) စစ်ဘေးဒုက္ခသည်များအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူညီများရရှိရေးနှင့် အခြေခံလိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ရမည်။

(ခ) ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အစီအမံများကို အမျိုးသား ညီညွတ်ရေးအစိုးရ(NUG)နှင့် သော်လည်းကောင်း၊ နိုင်ငံတကာနှင့် သော်လည်းကောင်း ချိတ်ဆက်၍ နည်းပညာအထောက်အကူများရယူခြင်း၊ ငွေကြေးအထောက်အကူများ ရယူခြင်း လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

(ဂ) စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများအတွက် ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း ဆိုင်ရာ လုပ်ငန်းစဉ်များကို ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်မှုဖြင့် ချမှတ်ဆောင် ရွက်ရမည်။

(ဃ) စစ်ဘေးဒုက္ခသည်များကို ထိရောက်စွာကူညီပေးနိုင်ရန် လိုအပ်သော နည်းနာများ၊ ယန္တရားများ နှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် အကြံပြုခြင်းနှင့်လမ်းညွှန်ခြင်းများ ပြုလုပ်ရမည်။

## ပညာရေးဆိုင်ရာ အခြေခံမူများ

၂၃။ (က) အခြေခံပညာသင်ကြားခွင့် ဆုံးရှုံးမှုမရှိစေရန်အတွက် ကြားကာလပညာရေး အစီအမံများအား သက်ဆိုင်ရာ အစုအဖွဲ့အသီးသီးနှင့်ချိတ်ဆက်၍ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ကြားကာလမှစတင်၍ ကရင်နီပြည် ပညာရေးစနစ်တွင် မိခင်ဘာသာစကား အခြေပြု- ဘာသာ စကားစုံ သင်ကြားရေးစနစ်အား (Mother Tongue Based- Multilingual Education (MTB-MLE)ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လူ့အခွင့်အရေးနှင့် ကျား၊ မ ရေးရာ (Gender) သာတူညီမျှမှုကို အခြေခံသည့် ဖက်ဒရယ် ဒီမိုကရေစီ ပညာရေးစနစ် ဖြစ်ရမည်။

(ဃ) တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားပညာရေးကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများ တရားဝင် ရပ်တည်ခွင့် ရှိရမည်။

(င) ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား၊ စာပေ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများကို မပျက်မယွင်းစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည့်အပြင် ပိုမိုတိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ရမည်။

(စ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးကို ဖော်ဆောင်သော ပညာရေးစနစ် ဖြစ်ရမည်။

(ဆ) ကြားကာလတွင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ၏ ပညာရေးအဖွဲ့အစည်းများက အကောင်အထည်ဖော်လျက်ရှိသော ပညာရေးစနစ်နှင့် ပညာရေးဝန်ထမ်းများအပြင် ကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်နေသော ပညာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား တရားဝင် အသိအမှတ်ပြုရမည်။

(ဇ) ကြားကာလတွင် ပြည်နယ်နှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများက ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းသည် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု၏ အမျိုးသားပညာရေး မူဝါဒ၊ သင်ရိုးညွှန်းတမ်း စံနှုန်းများနှင့် ကိုက်ညီရမည်။

(ဈ) ကြားကာလတွင် တိုင်းရင်းသားဒေသများအတွင်း နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရေးဆိုင်ရာ အကူအညီများကို ကူညီထောက်ပံ့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုက်ရိုက် ဆက်သွယ်ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ည) ကြားကာလတွင် နိုင်ငံမဲ့ဖြစ်နေသော မြန်မာနိုင်ငံသားကလေးသူငယ်များအား ပညာသင်ကြားခွင့် ရရှိရေး ဆောင်ရွက်ရမည်။

(ဋ) ပြည်နယ်အတွင်းရှိ ပညာရေးအဖွဲ့အစည်းများအားလုံးကို အသိအမှတ်ပြု၍ ချိတ်ဆက် ဆောင်ရွက်ရမည်။

(ဌ) ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများသည် အသင်းအဖွဲ့များနှင့် သမဂ္ဂများကို လွတ်လပ်စွာ ဖွဲ့စည်းခွင့် ရှိရမည်။

(ဍ) တော်လှန်ရေးတွင် ပါဝင်နေကြသော ပုဂ္ဂိုလ်များ၏ ပညာဆက်လက်သင်ကြားပိုင်ခွင့် ရရှိရေးကို ဆောင်ရွက်ရမည်။

## ကျန်းမာရေးဆိုင်ရာ အခြေခံမူများ

၂၄။ (က) ကြားကာလအတွင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိနိုင်ရေးနှင့် လက်လှမ်းမီနိုင်ရေးအတွက် သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းအသီးသီးနှင့်ချိတ်ဆက်၍ အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) ကြားကာလအတွင်း ပြည်သူလူထုအတွက် အရေးပေါ်နှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် စီမံဆောင်ရွက်ရမည်။

(ဂ) ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများ၏ ကျွမ်းကျင်မှုများကို မြှင့်တင်ပြီး အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ရမည်။

(ဃ) ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများအား တရားဝင်အသိအမှတ်ပြုမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်။

(င) နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူတကွလက်တွဲပြီး ရောဂါကာကွယ်ခြင်းနှင့် ကုသခြင်း လုပ်ငန်းများကို ကဏ္ဍအလိုက် ထိရောက်စွာ စီမံဆောင်ရွက်ရမည်။

(စ) ကျန်းမာရေးဝန်ဆောင်မှုပေးနေသူများ၏ ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်သော အစီအစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဆ) ပုဂ္ဂလိက ကျန်းမာရေးကဏ္ဍများနှင့်ပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဇ) အခြေခံပညာရေးနှင့် အဆင့်မြင့်ပညာရေး၏ သင်ရိုးညွှန်းတမ်းများနှင့် ကျောင်းလှုပ်ရှားမှုများတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် ပညာပေးအစီအစဉ်များကို ထည့်သွင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (Civil Disobedience Movement (CDM) တွင် ပါဝင်သော ဝန်ထမ်းများဆိုင်ရာ အခြေခံမူများ**

၂၅။ (က) အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများအား တစ်ဦး တစ်ဖွဲ့ချင်းစီ၏ ဌာနအလိုက်၊ ကျွမ်းကျင်မှု အရည်အချင်းအလိုက်၊ အတွေ့အကြုံများအလိုက် သင့်လျော်သည့် လုပ်ငန်းဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နိုင်ရန် လုပ်ငန်းအစီအမံများ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ခ) အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့ရေး လုပ်ခလစာအား စနစ်တကျ သတ်မှတ်ဆောင်ရွက်ရမည်။

(ဂ) အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများကို ထောက်ပံ့မှုများအတွက် တိကျသေချာသည့် မှတ်တမ်းစာရင်းများပြုစု၍ ညီတူညီမျှ ထောက်ပံ့မှု ရရှိစေရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရမည်။

(ဃ) အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများအား ကြားကာလနှင့် အသွင်ကူးပြောင်းရေးကာလတွင် သက်ဆိုင်ရာဌာနအလိုက် ဦးစားပေးခန့်အပ်တာဝန်ပေးအပ်ခြင်း ဆိုင်ရာအစီအမံများကို ပြင်ဆင်ဆောင်ရွက်ထားရှိရမည်။

(င) အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု(CDM)တွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ၏ အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးခဲ့မှုများကို အသွင်ကူးပြောင်းရေးကာလ၌ ပြန်လည်ကုစားပေးသည့် အစီအမံများ ချမှတ်ဖော်ဆောင်ရမည်။

## လူနည်းစုအခွင့်အရေးဆိုင်ရာ အခြေခံမူများ

၂၆။ (က) မည်သူမဆို မိမိ၏ မျိုးနွယ်စုဆိုင်ရာ အမျိုးသားရေး လက္ခဏာများ၊ သမိုင်းအမွေအနှစ်များ၊ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများကို လွတ်လပ်စွာ ထိန်းသိမ်းဆောင်ရွက်ခွင့်ရှိသည်။

(ခ) နိုင်ငံရေးအခန်းကဏ္ဍတွင် လူနည်းစုများ၏ပါဝင်မှုကို အလေးနက်ထား ဖော်ဆောင်ရမည်။

(ဂ) ပြည်နယ်အတိုင်းပင်ခံကောင်စီသည် ပြည်နယ်အတွင်းရှိ လူမျိုးများနှင့် လူနည်းစုအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒလမ်းညွှန်နှင့် လုပ်ထုံးလုပ်နည်းများအား အတိအလင်း ထုတ်ပြန်ရမည်။

## လူ့အခွင့်အရေးချိုးဖောက်ခံရမှုနှင့် ပြန်လည်ကုစားခြင်းဆိုင်ရာ အခြေခံမူများ

၂၇။ (က) ကြားကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို တရားမျှတမှုဖော်ဆောင်နိုင်ရေးနှင့် ပြန်လည်ကုစားနိုင်ရေးအတွက် လိုအပ်သည့် အစီအမံများထားရှိရမည်။

(ခ) ကြားကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မြေပြင်ရှိ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းချိတ်ဆက်၍ မှတ်တမ်းများအား စနစ်တကျ စာရင်းပြုစုရမည်။

(ဂ) ကြားကာလအတွင်း တရားမျှတမှုဆိုင်ရာ လက်လှမ်းမီနိုင်ခြင်း မရှိခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို အသွင်ကူးပြောင်းကာလတွင် ပြန်လည်ကုစားနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ(Transitional Justice) လုပ်ငန်းစဉ်များကို ဖော်ဆောင်ရန် ကော်မရှင်များဖွဲ့စည်း ဆောင်ရွက်ရမည်။

**မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ အခြေခံမှုများ**

၂၈။ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ၏ လူမှုဘဝဖူလုံရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံများကို ဆောင်ရွက်ထားရှိရမည်။

## အခန်း ( ၅ )

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေး

### ကရင်နီပြည်၏ အုပ်ချုပ်ရေးအာဏာ သက်ရောက်မှုအတိုင်းအတာ

၂၉။ ကရင်နီပြည်၏ ကြားကာလအစီအမံတွင် ပြည်နယ်၏ အကျယ်အဝန်းနှင့် ပထဝီအနေအထားသည် သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ကရင်နီပြည်နယ်၏ နယ် (၄) နယ်ကိုအခြေခံ၍ ကန္တရဝတီနယ်၊ ကျယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်နှင့် မိုးဗြဲနယ် အပါအဝင် ကရင်နီအမျိုးသားများ တစ်ဆက်တစ်စပ်တည်း နေထိုင်ကြသောဒေသများဖြင့် နိုင်ငံရေးအရ ပြန်လည်စုစည်းသည့် ဒေသများတွင် အုပ်ချုပ်ရေးအာဏာ သက်ရောက်သည်။

### အုပ်ချုပ်ရေးနယ်မြေ စုဖွဲ့မှု

၃၀။ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးနယ်မြေများကို စုဖွဲ့ရာတွင် အပိုဒ် ၂၉ ပါ နယ် (၄) နယ် အားအခြေခံ၍ ဖွဲ့စည်းရမည်။

### မြို့နယ်များစုဖွဲ့မှုနှင့် အုပ်ချုပ်မှု

၃၁။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးဆိုင်ရာ နယ် (၄) နယ်ကို အခြေခံ၍ ခရိုင်များ၊ မြို့နယ်များကို သတ်မှတ်နိုင်ရေးအတွက် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ နဂိုမူလတည်ဆောက်ပြီးသည့် အုပ်ချုပ်ရေးနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်၍ လိုအပ်သလို ဖွဲ့စည်းခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

### ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်း

၃၂။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် အတိုင်ပင်ခံကောင်စီအတွင်းညှိနှိုင်း၍ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီအား အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(၁) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊

(၂) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ-၁၊

(၃) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ -၂၊

(၄) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူး၊

(၅) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး -၁၊

(၆) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး -၂၊

(၇) ပြည်နယ်အုပ်ချုပ်ရေးကောင်စီ ဘဏ္ဍာရေးမှူး၊

(၈) ဌာနဆိုင်ရာ ဌာနမှူးကြီးများ၊ ဒုတိယဌာနမှူးများ။

(ခ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီကို ဦးစီးဆောင်ရွက်နိုင်ရန် ယင်း၏ ဦးစီးကောင်စီအား အပိုဒ်ခွဲ(က) (၁) မှ (၇)တွင်ပါဝင်သော ရာထူးအဆင့်ရှိ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၏ အရည်အချင်းများ

၃၃။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေးနှင့် စီးပွားရေး ကို ဆင်ခြင်သုံးသပ်နိုင်သည့် အမြော်အမြင်ရှိသူ ဖြစ်ခြင်း၊

(ခ) နိုင်ငံတကာနှင့် မဟာမိတ်ဆက်ဆံရေးကို ဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(ဂ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုမှ ထောက်ခံမှုရရှိသူ ဖြစ်ခြင်း၊

(ဃ) ကရင်နီပြည်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၍ အနစ်နာခံ ဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(င) ကရင်နီသမိုင်းနှင့် ပြည်သူလူထု ဘဝအခြေအနေမှန်အား ဝေဖန်၊ ခွဲခြမ်းသုံးသပ်နိုင်သူ ဖြစ်ခြင်း၊

(စ) ကရင်နီပြည်၏ ကြားကာလအစီအမံများကို လက်ခံပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(ဆ) မိခင်အဖွဲ့အစည်း၏ မူဝါဒများအား ကောင်းမွန်စွာသိရှိနားလည်ကြေညက်ပြီး ဆုံးဖြတ်ချက်ချမှတ်ပေးနိုင်သည့် အတွင်းရေးမှူးများနှင့်အထက် ရာထူးရှိသူ ဖြစ်ခြင်း၊

(ဇ) ကရင်နီပြည်အတွင်း တစ်ဆက်တစ်စပ်တည်း အနည်းဆုံး (၁၀)နှစ်နေထိုင်ခဲ့သည့် ပြည်နယ်သား ဖြစ်သူ ဖြစ်ခြင်း၊

(ဈ) ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဒေသစွဲနှင့် လူမျိုးစွဲ မရှိသူဖြစ်ခြင်း၊

(ည) စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် နည်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း၊

(ဋ) တရားမဝင်အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်ပြီး ကရင်နီပြည် ကြားကာလအစီအမံအား လက်ခံကျင့်သုံးနိုင်သည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း။

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၏ အရည်အချင်းများ

၃၄။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) လက်ရှိနိုင်ငံရေးအခြေအနေအား လေ့လာသုံးသပ်နိုင်သူ ဖြစ်ခြင်း၊

(ခ) မဟာမိတ်ဆက်ဆံရေးကို ကောင်းမွန်စွာဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(ဂ) ကရင်နီပြည်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(ဃ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများအား အထောက်အကူပြု ကူညီဆောင်ရွက်ပေးနိုင်သူ ဖြစ်ခြင်း၊

(င) ကရင်နီပြည်၏ ကြားကာလအစီအမံများကို လက်ခံပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ ဖြစ်ခြင်း၊

(စ) ဌာနဆိုင်ရာများအား ဦးဆောင်လမ်းညွှန်မှုပေးနိုင်သူ ဖြစ်ခြင်း၊

(ဆ) နိုင်ငံရေးနှင့် လုပ်ငန်းအတွေ့အကြုံကောင်းမွန်သူ ဖြစ်ခြင်း၊

(ဇ) ကရင်နီပြည်အတွင်း တစ်ဆက်တစ်စပ်တည်း အနည်းဆုံး (၁၀)နှစ်နေထိုင်ခဲ့သည့် ပြည်နယ်သား ဖြစ်သူ ဖြစ်ခြင်း၊

(ဈ) ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဒေသစွဲနှင့် လူမျိုးစွဲ မရှိသူဖြစ်ခြင်း၊

(ည) စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် တွန်းလှန်တိုက်ပွဲဝင်နေသည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း၊

(ဋ) တရားမဝင်အာဏာသိမ်းစစ်တပ်အား ဆန့်ကျင်ပြီး ကရင်နီပြည် ကြားကာလအစီအမံအား လက်ခံကျင့်သုံးနိုင်သည့် အဖွဲ့အစည်းမှ ဖြစ်ခြင်း။

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်များ၏ အရည်အချင်းများ**

၃၅။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊ ကောင်စီဝင်များ၏ အရည်အချင်းများမှာ-

(က) သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကျွမ်းကျင်မှုနှင့် ဦးဆောင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ခ) ကရင်နီပြည်နှင့် ကရင်နီအမျိုးသားများအတွက် ကိုယ်ကျိုးစွန့်၊ အနစ်နာခံဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ဂ) ကရင်နီပြည်၏ ကြားကာလအစီအမံများကို လက်ခံပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင်သူ ဖြစ်ရမည်၊

(ဃ) သက်ဆိုင်ရာမိခင်အဖွဲ့အစည်းမှ ထောက်ခံပေးနိုင်သူဖြစ်ရမည် သို့မဟုတ် နည်းပညာအရ ကျွမ်းကျင်ပြီး ပြည်နယ်အတိုင်ပင်ခံကောင်စီမှ ထောက်ခံသူ ဖြစ်ရမည်၊

(င) နိုင်ငံရေးနှင့် လုပ်ငန်းအတွေ့အကြုံကောင်းမွန်သူ ဖြစ်ရမည်၊

(စ) ကရင်နီပြည်နယ်အတွင်း တစ်ဆက်တစ်စပ်တည်း အနည်းဆုံး (၁၀)နှစ် နေထိုင်ခဲ့သည့် ပြည်နယ်သား ဖြစ်သူ ဖြစ်ရမည်၊

(ဆ) အများပြည်သူ၏ ထောက်ခံမှု တစ်စုံတစ်ရာရရှိသူ ဖြစ်ရမည်၊

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၃၆။ (က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် အောက်ပါတာဝန်များကို လိုက်နာ ဆောင်ရွက်ရမည်-

(၁) ပြည်နယ်၏ ကြားကာလအစီအမံအား လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၂) ဥပဒေတစ်ရပ်ရပ်အရ ပေးအပ်လာသည့် တာဝန်များကို ထမ်းဆောင်ခြင်း၊

(၃) ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ နိုင်ငံရေးလမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) အစည်းအဝေးများ ကျင်းပခြင်း၊

(၅) နှစ်စဉ်လုပ်ငန်းစဉ်များနှင့် အစီရင်ခံစာများကို ကရင်နီပြည် အတိုင်ပင်ခံကောင်စီနှင့် ကရင်နီပြည် ကြားကာလလွှတ်တော်သို့ တင်ပြခြင်း၊

(၆) စစ်အာဏာရှင်နှင့် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးဆိုင်ရာ အရေးတော်ပုံအောင်မြင်ရန် မဟာမိတ်အင်အားစုအသီးသီးနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း။

(ခ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည်-

(၁) ကရင်နီပြည်၏ ကြားကာလအစီအမံကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ကဏ္ဍအလိုက် ကော်မတီနှင့် အဖွဲ့များကို ဖွဲ့စည်းခြင်း၊ ဝန်ထမ်းများကို ကြီးကြပ်စီမံခြင်း၊ အခြားအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုနိုင်သည်။

(၂) ကရင်နီပြည် ကြားကာလလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက် ထုတ်ပြန်ခြင်းများ ပြုနိုင်သည်။

(၃) အမျိုးသားညီညွတ်ရေးအစိုးရနှင့် သော်လည်းကောင်း၊ အခြား ပြည်နယ် သို့မဟုတ် ဖယ်ဒရယ်ယူနစ် အုပ်ချုပ်ရေးအဖွဲ့များနှင့် သော်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သော်လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

(၄) အမျိုးသားညီညွတ်ရေးအစိုးရနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လိုအပ်ပါက ကရင်နီပြည် အတိုင်ပင်ခံကောင်စီမှ ပြည်နယ်ကိုယ်စားလှယ်အဖြစ် စေလွှတ်ထားသည့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တွင် ဝန်ကြီးများအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ခေါင်းဆောင်များကို ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးများတွင် တက်ရောက်ရန် ဖိတ်ကြားနိုင်သည်။

(၅) အုပ်ချုပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် လူ့အရင်းအမြစ်များကို ခန့်အပ်တာဝန်ပေးခြင်းနှင့် အရည်အချင်း မြှင့်တင်ပေးခြင်း လုပ်ငန်းများအား ဆောင်ရွက်နိုင်သည်။

(၆) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီတွင် လိုအပ်သည့်ဌာနများကို တိုးချဲ့ဖွဲ့စည်းခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ပြုလုပ်ရာတွင် ကရင်နီပြည်အတိုင်ပင်ခံကောင်စီသို့ တင်ပြ၍ ဆောင်ရွက်နိုင်သည်။

(၇) စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ရန် လိုအပ်ပါက ကရင်နီပြည်အတိုင်ပင်ခံကောင်စီသို့ ကရင်နီပြည်ကြားကာလအစီအမံနှင့်အညီ မူဝါဒမူကြမ်းများကို တင်သွင်းကာ အတည်ပြုချက်ရယူ ဆောင်ရွက်နိုင်သည်။

(ဓ) ပြည်နယ်ဘဏ္ဍာရေးနှင့်ပတ်သက်၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများကို ကြားကာလ အစီအမံနှင့်အညီ ချမှတ်လုပ်ဆောင်နိုင်သည်။

၃၇။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် အပိုဒ် ၆၀ ပါ ဥပဒေပြုနိုင်သည့် အကြောင်းအရာများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ကရင်နီပြည် ကြားကာလ လွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းနိုင်သည်။

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းခြင်းနှင့် ကောင်စီဝင်များ ရွေးချယ်တင်မြှောက်ခြင်း

၃၈။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အဖွဲ့ဝင် အဖွဲ့အစည်းများသည် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရာထူးများအတွက် အပိုဒ် ၃၃ ပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသည့် ကိုယ်စားလှယ်လောင်း အမည်စာရင်းကို ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့ တင်သွင်းနိုင်သည်။

(ခ) ကရင်နီပြည် အတိုင်ပင်ခံကောင်စီသည် အဖွဲ့ဝင် အဖွဲ့အစည်းများက အမည်စာရင်းတင်သွင်း လာသည့် ကိုယ်စားလှယ်လောင်းများထဲမှ ပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ညှိနှိုင်း၍ ရွေးချယ်ရမည်။

(ဂ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများသည် အပိုဒ် ၃၄ နှင့် ၃၅ တို့ပါ သတ်မှတ်အရည်အချင်းများနှင့်အညီ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူး၊ ဌာနမှူးကြီးနှင့် ဒုတိယဌာနမှူး စသည့် ရာထူးများအတွက် အမည်စာရင်းပြုစုကာ ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူ ခန့်အပ်ရမည်။

## ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ သက်တမ်း

၃၉။ ကရင်နီပြည်အုပ်ချုပ်ရေးကောင်စီ၏ သက်တမ်းသည် ကြားကာလ(တော်လှန်ရေးကာလ)ပြီးမြောက်သည့် အချိန်အထိဖြစ်သည်။ သို့သော် နိုင်ငံရေးအခြေအနေအရ ကြားကာလသက်တမ်းသည် (၄)နှစ်ထက် ပိုမို ကြာမြင့်မည်ဆိုပါက ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များအား ဤကြားကာလ အစီအမံများနှင့်အညီ ပြန်လည်ရွေးချယ်ဖွဲ့စည်းရမည်။

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်များအား အရေးယူဆောင်ရွက်ခြင်း**

၄၀။ (က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်အား အောက်ပါအကြောင်းအရာများ အနက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပါက စုံစမ်းစစ်ဆေး အရေးယူရမည်-

(၁) ကရင်နီပြည် ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(၂) ကြားကာလအစီအမံ သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေနှင့် စည်းမျဉ်းများထဲမှ တရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်းနှင့် အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခြင်း၊

(၅) ပေးအပ်ထားသည့် တာဝန်ဝတ္တရားများအား ဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

(ခ) အထက်ပါ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသည့် အချက်များအရ ပြည်နယ် ကြားကာလ အုပ်ချုပ်ရေးကောင်စီဝင်များကို စုံစမ်းစစ်ဆေးရာတွင် အရေးပေါ်စုံစမ်းစစ်ဆေးရေး ကော်မရှင် တစ်ရပ်ကို ပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ အဖွဲ့အတွင်းတွင် ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အရေးပေါ် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဂ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ကောင်စီဝင်အများစုက ကောင်စီအတွင်း သာ အရေးယူသင့်သည်ဟု ဆုံးဖြတ်လျှင် ကောင်စီအတွင်း စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူနိုင်သည် သို့မဟုတ် ကောင်စီဝင်အများစုက ပြည်နယ်တရားရုံးချုပ်၌ တရားစွဲဆို ရမည်ဟုဆုံးဖြတ်လျှင် တရားလိုပြုပြီး တရားစွဲဆိုရမည်။

(ဃ) တရားစွဲဆိုခံရစဉ်ကာလတွင် ယင်းကောင်စီဝင်၏ ရာထူးအား ဆိုင်းငံ့ထားရမည်။

(င) ကရင်နီပြည်တရားရုံးချုပ်က ပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်ကို အပြစ်ရှိကြောင်း ဆုံးဖြတ်လျှင် ယင်းကောင်စီဝင်ကို ရာထူးမှထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက် အရေးယူဆောင်ရွက်ရမည်။

(စ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် အထက်ပါအပိုဒ်ခွဲများအရ အရေးယူခြင်း ခံရသူက ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌ သို့မဟုတ် ဒုတိယဥက္ကဋ္ဌများဖြစ်လျှင် ယင်းတို့၏ တာဝန်နှင့်ရာထူးအား ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ထုတ်ပယ်ခြင်းကို ပြုနိုင်သည်။

**ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးကျင်းပခြင်း**

၄၁။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည်-

(က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ပုံမှန်အစည်းအဝေးကို အနည်းဆုံး တစ်လလျှင် (၁)ကြိမ် ခေါ်ယူကျင်းပရမည်၊

(ခ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးများကို အောက်ပါ အခြေအနေများ အပေါ်တွင်မူတည်၍ ခေါ်ယူကျင်းပရမည်-

(၁) ပြည်နယ်၏ အရေးပေါ်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ခြင်း၊

(၂) ပြည်နယ်အတွင်း ဌာနဆိုင်ရာများ အချင်ချင်းညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ခြင်း၊

(၃) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်တစ်ဦးဦးအား အပြစ်ပေး အရေးယူရန်လိုအပ်ခြင်း၊

(၄) ပြည်နယ်၏ အရေးပေါ်ကာလဆိုင်ရာပြဌာန်းချက်များ ထုတ်ပြန်ရန်လိုအပ်ခြင်း၊

(ဂ) အပိုဒ်ခွဲ (ခ)ပါ အရေးပေါ်အခြေအနေ တစ်ရပ်ရပ်တွင် အစည်းအဝေးခေါ်ယူကျင်းပရန် လိုအပ်သည်ဟု ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေး ဦးစီးကောင်စီဝင်များ၏ (၅၀) ရာခိုင်နှုန်း အထက်က အဆိုပြုတင်ပြလျှင် အရေးပေါ်အစည်းအဝေးအား ခေါ်ယူကျင်းပရမည်။

**အစည်းအဝေး အထမြောက်ခြင်း**

၄၂။ (က) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ပုံမှန်အစည်းအဝေးသည် ကြားကာလ အုပ်ချုပ်ရေးကောင်စီဝင် (၅၀) ရာခိုင်နှုန်းအထက် တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

(ခ) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ အရေးပေါ် အစည်းအဝေးသည် ကြားကာလ အုပ်ချုပ်ရေး ဦးစီးကောင်စီဝင် (၇၅) ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

## **အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ်ခြင်း**

၄၃။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည်-

(က) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၏ အရေးကြီးဆုံးဖြတ်ချက်များကို အစည်းအဝေးသို့ တက်ရောက်လာသော ကောင်စီဝင်များ၏ (၇၅)ရာခိုင်နှုန်း ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၏ သာမန်ဆုံးဖြတ်ချက်များကို အစည်းအဝေး သို့ တက်ရောက်လာသော ကောင်စီဝင်များ၏ (၅၀)ရာခိုင်နှုန်းအထက် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ဂ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ အရေးပေါ်အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အစည်းအဝေးသို့ တက်ရောက်လာသော ကောင်စီဝင်များ၏ (၇၅)ရာခိုင်နှုန်း ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## **တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**

၄၄။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ကရင်နီပြည်၏ ကြားကာလအုပ်ချုပ်ရေး နယ်မြေများဖွဲ့စည်းခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ယခင်တည်ရှိခဲ့သည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း(၆)

## ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်း

### ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပြန်လည်ကုစားခြင်း အခြေခံမူများ

၄၅။ (က) အသွင်ကူးပြောင်းရေးကာလတွင် စစ်တပ်မှ တရားမဝင်အာဏာသိမ်းပြီးနောက်ပိုင်း ဖွဲ့စည်းပေါ်ပေါက်ခဲ့သည့် ပြည်နယ်အတွင်းရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် လုံခြုံရေးအဖွဲ့များသည် လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်များပူးပေါင်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများကို လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာ ပြန်လည်ဖွဲ့စည်းခြင်းမူဝါဒ၊ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ ပြုလုပ်ရမည်။

(ခ) ကြားကာလတွင် ကရင်နီပြည်အတွင်းရှိ လက်နက်ခဲယမ်းမီးကျောက်များ ကိုင်ဆောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အသုံးပြုခြင်းသည် ကရင်နီပြည်၏ ကာကွယ်ရေးလုံခြုံရေးဆိုင်ရာ မူဝါဒနှင့်အညီ ဖြစ်ရမည်။

(ဂ) အသွင်ကူးပြောင်းရေးကာလတွင် ကရင်နီပြည်အတွင်းရှိ ကာကွယ်ရေးတပ်ဖွဲ့များ အားလုံးသည် လက်နက်ခဲယမ်းမီးကျောက်များ အသုံးပြုခြင်း၊ ထိန်းသိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲမှုများသည် ကရင်နီပြည်၏ မူဝါဒလမ်းညွှန်မှုနှင့်အညီ ဖြစ်ရမည်ဖြစ်ပြီး ကရင်နီပြည် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အစီအမံအောက်တွင် ရှိရမည်။

(ဃ) အသွင်ကူးပြောင်းရေးကာလတွင် တပ်မှထွက်ခွာလိုသူများအတွက် အလုပ်အကိုင်ရရှိရေးနှင့် ပညာဆက်လက်သင်ကြားနိုင်ရေးအစီအမံများ ဆောင်ရွက်ရမည်။ ယင်းသို့ စီမံဆောင်ရွက်ရာတွင် ကျား၊ မ (Gender) တန်းတူညီမျှမှုကို ဖော်ဆောင်ရမည်။

(င) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့် နောင်တွင်ဖွဲ့စည်းမည့် ကရင်နီပြည် အစိုးရသည် -

(၁) ကြားကာလ(တော်လှန်ရေးကာလ)တွင် ကိုယ်လက်အင်္ဂါများ ပေးဆပ်ခဲ့ရသော တော်လှန်ရေး တပ်ဖွဲ့ဝင်များအား ၎င်းတို့၏လူနေမှုဘဝ ပြန်လည်ထူထောင်နိုင်ရေး အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) ကြားကာလ(တော်လှန်ရေးကာလ)တွင် ကျဆုံးခဲ့သည့် ရဲဘော်များအား အသိအမှတ်ပြုခြင်း၊ ဂုဏ်ပြုခြင်းနှင့် ကျန်ရစ်သော မိသားစုဝင်များကို ကူညီထောက်ပံ့ခြင်း အစီအစဉ်များ ဆောင်ရွက်ရမည်။

(စ) တပ်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှိရန် စီမံဆောင်ရွက်ရမည်။

## အခန်း (၇)

## ကရင်နီပြည် ကြားကာလဥပဒေပြုရေး

### ကြားကာလ ဥပဒေပြုရေးအာဏာ

၄၆။ ကရင်နီပြည်၏ ကြားကာလ ဥပဒေပြုရေးအာဏာသည် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူလူထု၏ သဘောဆန္ဒနှင့်အညီ ရွေးကောက်ခံရပြီး တရားမဝင်အာဏာသိမ်း စစ်တပ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်းမရှိသည့် ကရင်နီပြည်အတွင်းရှိ လွှတ်တော်သုံးရပ်၏ ရွေးကောက်ခံ ကိုယ်စားလှယ်များတွင်ရှိသည်။

### ကြားကာလလွှတ်တော် ဖွဲ့စည်းခြင်း

၄၇။ (က) ကရင်နီပြည်နယ်၏ ကြားကာလ ဥပဒေပြုနိုင်ရန်အတွက် ၂၀၂၀ ပြည့်နှစ်၊ ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီး အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီတွင် ရေးဆွဲ အတည်ပြု ပြဋ္ဌာန်းထားသော “ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်” အစိတ်အပိုင်း (၁-၂) နှင့် ကရင်နီပြည်နယ်၏ ကြားကာလအစီအမံများကို လက်ခံသဘောတူ၍ ပူးပေါင်းဆောင်ရွက် သည့်အပြင် တရားမဝင်အာဏာသိမ်းစစ်တပ်နှင့် လုံးဝပူးပေါင်းဆောင်ရွက်ခြင်းမရှိသော အပိုဒ် ၄၆ ပါ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကရင်နီပြည် ကြားကာလလွှတ်တော်ကို စုပေါင်းဖွဲ့စည်း၍ ပြည်နယ်၏ ဥပဒေပြုရေးအာဏာအား အပ်နှင်းသည်။

(ခ) ပြည်နယ်ကြားကာလလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်များ၏ များရာသဘောဆန္ဒဖြင့် ယင်းတို့ထဲမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်တင်မြှောက်ရမည်။

(ဂ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများကို ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုရမည်။

(ဃ) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်နယ်ကြားကာလလွှတ်တော်၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုရမည်။

### ကြားကာလ ဥပဒေပြုပိုင်ခွင့်

၄၈။ ကရင်နီပြည်ကြားကာလလွှတ်တော်သည် ဤကြားကာလအစီအမံတွင်ပါရှိသည့် နိုင်ငံရေး ဦးတည်ချက်၊ ရည်ရွယ်ချက်၊ နိုင်ငံရေးလမ်းပြမြေပုံတို့နှင့်အညီ ပြည်နယ်အတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

## ဥပဒေများရေးဆွဲပြဋ္ဌာန်းနိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း

၄၉။ ကရင်နီပြည်ကြားကာလလွှတ်တော်သည်-

(က) ဥပဒေကြမ်းများအား အတည်ပြု ပြဋ္ဌာန်းထုတ်ပြန်ခြင်းမပြုမီ ကရင်နီပြည် ကြားကာလ အစီအမံနှင့် သော်လည်းကောင်း၊ ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ မူဝါဒလမ်းညွှန်မှုနှင့် သော်လည်းကောင်း ကိုက်ညီမှုရှိစေရန် ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ညှိနှိုင်းဆွေးနွေး၍ သဘောတူညီမှု ရယူရမည်။

(ခ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ရရှိပြီးလျှင် ယင်းဥပဒေကြမ်းအား လွှတ်တော်တွင် ဥပဒေအဖြစ် အတည်ပြုပြဋ္ဌာန်းနိုင်သည်။

## ဥပဒေကြမ်းတင်သွင်းခြင်း

၅၀။ (က) အောက်ပါ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ကရင်နီပြည် ကြားကာလလွှတ်တော်သို့ ဥပဒေကြမ်းများကို တင်သွင်းခွင့် ရှိသည်-

(၁) လွှတ်တော်ကိုယ်စားလှယ်၊

(၂) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၊

(ခ) ကရင်နီပြည်တရားရုံးချုပ်သည် ပြည်နယ်၏ ကြားကာလတရားစီရင်ရေးဆိုင်ရာ ဥပဒမူကြမ်းများကို လုပ်ထုံးလုပ်နည်းနှင့် အညီ ကရင်နီပြည် ကြားကာလလွှတ်တော်သို့ တင်သွင်းခွင့် ရှိသည်။

(ဂ) ကရင်နီပြည် ကြားကာလလွှတ်တော်သည် အပိုဒ်ခွဲ(က)နှင့် (ခ) အရ တင်သွင်းလာသည့် ဥပဒေကြမ်းကို ကရင်နီပြည် ကြားကာလလွှတ်တော်အစည်းအဝေးတွင် ဆွေးနွေး ဆုံးဖြတ်ခြင်းများ ပြုရမည်။

## ဥပဒေအတည်ဖြစ်ခြင်း

၅၁။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် -

(က) ကရင်နီပြည် ကြားကာလလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများအား လက်ခံ ရရှိသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လက်မှတ်ထိုး ထုတ်ပြန်ရမည်၊

(ခ) ယင်းသတ်မှတ်ကာလအတွင်း ကရင်နီပြည် ကြားကာလလွှတ်တော်မှပေးပို့လာသည့် ဥပဒေနှင့် စပ်လျဉ်း၍ သဘောထားမှတ်ချက်နှင့်အတူ ကရင်နီပြည် ကြားကာလလွှတ်တော်သို့ ပြန်လည် ပေးပို့နိုင်သည်။

(ဂ) သတ်မှတ်ကာလ (၁၄)ရက်အတွင်း အတည်ပြုလက်မှတ်ရေး ထိုးနိုင်ခြင်းမရှိခဲ့သော် ယင်းဥပဒေ သည် အတည်ဖြစ်သည်။

**ဥပဒေအာဏာသက်ရောက်မှု**

၅၂။ ကရင်နီပြည် ကြားကာလလွှတ်တော်က ပြဌာန်းထုတ်ပြန်သည့် ဥပဒေသည် အပိုဒ်(၁၄) ပါ ပြည်နယ် တစ်ဝန်းလုံးတွင် အာဏာသက်ရောက်သည်။

**ရေးရာကော်မတီများ ဖွဲ့စည်းခြင်း**

၅၃။ ကရင်နီပြည် ကြားကာလလွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်၏ သဘောတူညီချက်ဖြင့် -

(က) ကရင်နီပြည် ကြားကာလလွှတ်တော်သည် ဥပဒေကြမ်းရေးဆွဲရေးနှင့် စိစစ်ရေးကော်မတီအား ပြည်နယ်ကြားကာလလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊ အမျိုးသမီးနှင့် လူငယ်ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များနှင့် ကရင်နီမျိုးနွယ်စု ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ကရင်နီပြည် ကြားကာလအစီအမံနှင့် ပြည်သူ့ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက် နိုင်ရန် လိုအပ်သည့်ကော်မတီနှင့်အဖွဲ့များ ဖွဲ့စည်းခြင်း၊ အခြားအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည့်အပြင် လိုအပ်သည့်ဝန်ထမ်းများ ခန့်အပ်နိုင် ရေးကို ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီနှင့်ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

**တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း**

၅၄။ ကရင်နီပြည် ကြားကာလလွှတ်တော်သည် ဥပဒေများအား ရေးဆွဲရာတွင် ယခင်တည်ရှိခဲ့သည့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက် ခြင်းများကို ပြုလုပ်ရမည်။

## ကြားကာလလွှတ်တော် အစည်းအဝေးကျင်းပခြင်း

၅၅။ (က) ကရင်နီပြည် ကြားကာလလွှတ်တော် ဥက္ကဋ္ဌသည် ကရင်နီပြည်နယ်၏ ကြားကာလ အစီအမံများနှင့်အညီ နိုင်ငံရေးလမ်းပြမြေပုံနှင့် မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သော ဥပဒေပြုရေးလုပ်ငန်းများအတွက် ကရင်နီပြည် ကြားကာလ လွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

(ခ) ကရင်နီပြည် ကြားကာလလွှတ်တော် ပုံမှန်အစည်းအဝေးကို အနည်းဆုံး(၆)လ တစ်ကြိမ် ကျင်းပရမည်။

(ဂ) ကြားကာလလွှတ်တော်ဥက္ကဋ္ဌသည် အရေးပေါ်အစည်းအဝေးများကို အောက်ပါအခြေအနေများ အပေါ်မူတည်၍ ခေါ်ယူရမည်-

(၁) ကရင်နီပြည်၏ ကြားကာလအစီအမံအား ပြင်ဆင်ဖြည့်စွက်ရန်လိုအပ်ခြင်း၊

(၂) ကရင်နီပြည်အတွက် အရေးပေါ်လိုအပ်သော ဥပဒေများကိုပြဋ္ဌာန်းရန်၊ ပြင်ဆင်ရန်နှင့် ရုပ်သိမ်းရန် လိုအပ်ခြင်း၊

(၃) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဝင်များ ကျမ်း/ကတိသစ္စာ ကျိန်ဆိုခြင်း၊

(၄) ကရင်နီပြည် တရားသူကြီးချုပ်နှင့် တရားသူကြီးများ ကျမ်းသစ္စာကျိန်ဆိုခြင်း။

(ဃ) အပိုဒ် ၅၅၊ အပိုဒ်ခွဲ(ဂ)မှအပ အရေးပေါ်အခြေအနေတစ်ရပ်ရပ်အတွက် ကရင်နီပြည် ကြားကာလလွှတ်တော် ကိုယ်စားလှယ်များ၏ (၅၀)ရာခိုင်နှုန်းအထက် တောင်းဆိုလျှင် ကြားကာလလွှတ်တော်ဥက္ကဋ္ဌက ကရင်နီပြည် ကြားကာလလွှတ်တော်အစည်းအဝေးကို ခေါ်ယူရမည်။

(င) ကရင်နီပြည် ကြားကာလလွှတ်တော်အစည်းအဝေးကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့် အညီ ကျင်းပရမည်။

## ကြားကာလလွှတ်တော်အစည်းအဝေး အထမြောက်ခြင်း

၅၆။ (က) ကရင်နီပြည် ကြားကာလလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၇၅)ရာခိုင်နှုန်း တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

(ခ) ကရင်နီပြည် ကြားကာလလွှတ်တော် အရေးပေါ်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် (၅၀)ရာခိုင်နှုန်းကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်မည်။

## ကြားကာလလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ခြင်း

၅၇။ (က) ကရင်နီပြည် ကြားကာလလွှတ်တော် အစည်းအဝေး၏ အရေးကြီးဆုံးဖြတ်ချက်များသည် အစည်းအဝေးတက်ရောက်သည့် ကိုယ်စားလှယ်များ၏(၇၅)ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ကရင်နီပြည် ကြားကာလလွှတ်တော် အစည်းအဝေး၏ သာမန်ဆုံးဖြတ်ချက်များသည် အစည်းအဝေးသို့ တက်ရောက်လာသော ကိုယ်စားလှယ်များ၏ (၅၁)ရာခိုင်နှုန်းအထက် ဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

## ကြားကာလလွှတ်တော် ကိုယ်စားလှယ်များအား အရေးယူဆောင်ရွက်ခြင်း

၅၈။ (က) ကရင်နီပြည် ကြားကာလလွှတ်တော်ကိုယ်စားလှယ်အား အောက်ပါအချက်များအနက် တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပါက ယင်းကိုယ်စားလှယ်အား စုံစမ်းစစ်ဆေး အရေးယူရမည်-

(၁) ကရင်နီပြည် ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်း၊

(၂) ဤကြားကာလ အစီအမံပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်းနှင့် အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခြင်း။

(ခ) အထက်ပါ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသည့် အချက်များအရ လွှတ်တော်ကိုယ်စားလှယ်များကို စုံစမ်းစစ်ဆေးရာတွင် အရေးပေါ်စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ကရင်နီပြည် ကြားကာလလွှတ်တော်အတွင်း သဘောတူညီချက်ဖြင့်ဖွဲ့စည်းပြီး စစ်ဆေးတွေ့ရှိချက်များကို ကရင်နီပြည် ကြားကာလလွှတ်တော်သို့ ပြန်လည်တင်ပြရမည်။

(ဂ) ကရင်နီပြည် ကြားကာလလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်အများစုက လွှတ်တော်အတွင်းသာ အရေးယူသင့်သည်ဟု ဆုံးဖြတ်လျှင် လွှတ်တော်အတွင်း စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူနိုင်သည် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ် အများစုက ပြည်နယ်တရားရုံးချုပ်၌ တရားစွဲဆို ရမည်ဟုဆုံးဖြတ်လျှင် တရားလိုပြုပြီး တရားစွဲဆိုရမည်။

(ဃ) တရားစွဲဆိုခံရစဉ်ကာလတွင် ယင်းကိုယ်စားလှယ်၏ ရာထူးအား ဆိုင်းငံ့ထားရမည်။

(င) ကရင်နီပြည်၊ ပြည်နယ်တရားရုံးချုပ်က ယင်းကိုယ်စားလှယ်သည် အပြစ်ရှိကြောင်း ဆုံးဖြတ်လျှင် ယင်းကိုယ်စားလှယ်ကို ရာထူးမှထုတ်ပယ်ပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## ပြည်ထောင်စုနှင့် ပြည်နယ်အကြား ဥပဒေပြုခြင်းဆိုင်ရာညှိနှိုင်းခြင်း

၅၉။ ဤကြားကာလတွင် ပြဋ္ဌာန်းသည့် ဥပဒေများသည် ပြည်နယ်ကြားကာလအစီအမံနှင့်အညီ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းနိုင်သော်လည်း ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်နှင့် ဆန့်ကျင်ခြင်းမရှိစေရန် ဆောင်ရွက်ရမည်။

## ကြားကာလ ဥပဒေပြုခွင့်အာဏာများ

၆၀။ (က) ကရင်နီပြည်၏ ကြားကာလ ဥပဒေပြုခွင့်အာဏာသည် အောက်ပါအကြောင်းအရာများတွင် ဥပဒေပြုပိုင်ခွင့် အာဏာရှိသည့်အပြင် ကြွင်းကျန်အာဏာသည်လည်း ကရင်နီပြည်တွင် တည်ရှိသည်-

(၁) ကရင်နီပြည်၏ ကာကွယ်ရေး၊

(၂) ကရင်နီပြည် လုံခြုံရေးတပ်ဖွဲ့နှင့်ရဲတပ်ဖွဲ့၊

(၃) သစ်တောနှင့် သယံဇာတဆိုင်ရာ စီမံခန့်ခွဲရေး၊

(၄) သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေး၊

(၅) မြေယာ စီမံခန့်ခွဲရေး၊

(၆) မွေးမြူရေးနှင့် လယ်ယာစိုက်ပျိုးရေး၊

(၇) မရွှေ့မပြောင်းနိုင်သောပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများဆိုင်ရာကိစ္စရပ်များ

(၈) လျှပ်စစ်နှင့် စွမ်းအင်၊

(၉) ကရင်နီပြည် လမ်းပန်းဆက်သွယ်ရေး၊

(၁၀) ကရင်နီပြည် ကျန်းမာရေး၊

(၁၁) ကရင်နီပြည် ပညာရေး၊

(၁၂) ခရီးသွားလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ၊

(၁၃) ကရင်နီပြည် အခွန်၊

(၁၄) ပြည်တွင်းတိမ်းရှောင်သူများနှင့် ဒုက္ခသည်များဆိုင်ရာကိစ္စရပ်များ၊

(၁၅) မီးသတ်လုပ်ငန်း၊

(၁၆) ကရင်နီပြည် မူးယစ်ဆေးဝါး၊

(၁၇) ကရင်နီပြည် ကုန်သွယ်ရေး၊ နယ်စပ်ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် သွင်းကုန် ထုတ်ကုန်ရေးရာ၊

(၁၈) ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ကိစ္စများ၊

(၁၉) ဝန်ထမ်းဆိုင်ရာ ဥပဒေများ၊

(၂၀) ပြည်နယ်များအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊

(၂၁) နေအိမ်ဥပစာ၊ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၂၂) ပြည်နယ်တွင်း ခရီးသွားလုပ်ငန်းများ၊

(၂၃) ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံး ဥပဒေများ၊

(၂၄) ကရင်နီပြည် လွှတ်တော်ဆိုင်ရာဥပဒေ

(၂၅) ကရင်နီပြည် အုပ်ချုပ်ရေးဥပဒေ၊

(၂၆) ကရင်နီပြည် တရားစီရင်ရေးဥပဒေ၊

(၂၇) ကရင်နီပြည် နိုင်ငံသားဆိုင်ရာဥပဒေ၊

(၂၈) ကရင်နီပြည် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေ၊

(၂၉) ကရင်နီပြည်၏ နိုင်ငံတကာရေးရာ၊

(၃၀) လောင်းကစား ဥပဒေ၊

(၃၁) လက်နက်ဥပဒေ။

(ခ) ကရင်နီပြည် ကြားကာလလွှတ်တော်သည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီက လက်မှတ်ရေးထိုး အတည်ပြုသည့် နိုင်ငံတကာသဘောတူစာချုပ်နှင့် နိုင်ငံတကာဥပဒေများကို ပြည်နယ်အတွင်း ကျင့်သုံးနိုင်စေရန် လိုအပ်သောဥပဒေများကို ပြန်လည်ပြဋ္ဌာန်းရမည်။

(ဂ) ကရင်နီပြည် ကြားကာလလွှတ်တော်သည် အပိုဒ်ခွဲ (က) နှင့် (ခ) ပါ အကြောင်းအရာများကို ဥပဒေများရေးဆွဲ ပြဋ္ဌာန်းရာတွင် ပြည်သူလူထု၏ အခြေခံလူ့အခွင့်အရေးများကို မထိခိုက်စေရန် ရေးဆွဲပြဋ္ဌာန်းရမည့်အပြင် ယင်းအတွက် အကာအကွယ်ပေးနိုင်သော ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရမည်။

## ကြားကာလလွှတ်တော်၏ သက်တမ်း

၆၁။ ကရင်နီပြည် ကြားကာလလွှတ်တော်၏ သက်တမ်းသည် တော်လှန်ရေးကာလ သို့မဟုတ် ကြားကာလ အစီအမံ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ သို့သော် နိုင်ငံရေး အခြေအနေအရ ကြားကာလ သက်တမ်း သည် (၄)နှစ်ထက် ပိုမိုကြာမြင့်၍ ယင်းကာလတွင် ရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ခြင်းမရှိပါက ယင်းလွှတ်တော် သက်တမ်းကာလကို ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ထပ်မံတိုးမြင့်နိုင်သည်။

# အခန်း (၈)

## ကရင်နီပြည် ကြားကာလတရားစီရင်ရေး

**တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ**

၆၂။ (က) ကရင်နီပြည် ကြားကာလတရားစီရင်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်တစ်ခုကို တည်ဆောက်ရမည်။

(ခ) တရားစီရင်ရာတွင် အောက်ပါတို့ကို အခြေခံ၍ စီရင်ရမည်-

(၁) ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊

(၂) ဥပဒေအရ ကန့်သတ်ချက်များမှအပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊

(၃) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊

(၄) ပြည်သူအချင်းချင်းနှင့် ပတ်သက်သောအမှုကိစ္စများကို ဥပဒေဘောင်အတွင်း၌ ကျေအေး ပြီးပြတ်စေရေး၊

(၅) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ရေး။

(ဂ) မည်သည့်ပြစ်မှုဆိုင်ရာ ဥပဒေမျှ နောက်ကြောင်းပြန်အာဏာသက်ရောက်ခြင်း မရှိစေရ။

(ဃ) ပြစ်မှုကျူးလွန်သူ မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာ ဥပဒေအရသာ ပြစ်မှုစီရင်ရမည်။ ထို့ပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရ။

(င) တစ်ဦးတစ်ယောက်သည် စီရင်ပိုင်ခွင့်ရှိသော တရားရုံးမှ ပြစ်မှုတစ်ရပ်အတွက် ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်ဖြစ်စေ၊ အမှုမှ အပြီးအပြတ်လွှတ်လိုက်ခြင်းခံရလျှင်ဖြစ်စေ အဆိုပါပြစ်မှု ထင်ရှားစီရင်သည့် စီရင်ချက် သို့မဟုတ် အမှုမှအပြီးအပြတ်လွှတ်သည့် စီရင်ချက်ကို အဆင့်မြင့်တရားရုံးက ပယ်ဖျက်ပြီး အမှုကိုအသစ်တစ်ဖန်ပြန်လည်စစ်ဆေး စေရန် အမိန့်ချမှတ်သည့်အခါမှတပါး ယင်းပြစ်မှုအတွက် ထိုသူအား ထပ်မံစစ်ဆေးခြင်းမပြုရ။

(စ) ကရင်နီပြည် တရားစီရင်ရေးတွင် ကရင်နီပြည် တရားရုံးချုပ်၏ စီရင်ချက်အမိန့်သည် အပြီးသတ် ဖြစ်သည်။

**တရားစီရင်ရေးအာဏာ**

၆၃။ (က) ကရင်နီပြည် တရားစီရင်ရေးတွင် ပြည်နယ်တရားရုံးချုပ်၏ စီရင်ချက်အမိန့်သည် အပြီးသတ်ဖြစ်သည်။

(ခ) စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးနှင့် အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေး သီးခြားထားရှိရမည်။ အရပ်ဘက်နှင့် စစ်ဘက် ဆက်စပ်ကျူးလွန်သော ပြစ်မှုများကို အရပ်ဘက်ဆိုင်ရာ တရားစီရင်ရေးတွင်သာ စီရင်ရမည်။

**တရားစီရင်ရေးစနစ်**

၆၄။ (က) ကရင်နီပြည် ကြားကာလလွှတ်တော်သည် ပြည်နယ်တရားစီရင်ရေးဥပဒေကို ပြဋ္ဌာန်း၍ ပြည်နယ်တရားရုံးချုပ်၊ ဒေသန္တရနယ်မြေတရားရုံးများနှင့် မြို့နယ်တရားရုံးများကို တည်ထောင်ပြီး တရားစီရင်ပိုင်ခွင့်အာဏာကို ပြည်နယ်တရားရုံးချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများသို့ အပ်နှင်းရမည်။

(ခ) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ဒေသအတွင်း ယင်းတို့က တည်ထောင်ပြီးသော တရားစီရင်ရေးစနစ်ကို တရားဝင်ဆက်လက်ကျင့်သုံးခွင့်ရှိသည်။

(ဂ) လူ့အခွင့်အရေးများနှင့် မဆန့်ကျင်သော ရိုးရာဓလေ့ထုံးတမ်း တရားစီရင်မှုများကို အသိအမှတ်ပြုသည်။

(ဃ) တရားစီရင်ရေးစနစ်တွင် အောက်ပါတရားရုံးများကို ဖွဲ့စည်းတည်ထောင်သွားမည်-

(၁) ကရင်နီပြည် တရားရုံးချုပ်၊

(၂) ဒေသန္တရနယ်မြေ တရားရုံးများ သို့မဟုတ် ခရိုင်တရားရုံးများ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ ဒေသအလိုက် တရားရုံးများ၊

(၃) မြို့နယ်တရားရုံးများ။

(င) ကရင်နီပြည်၏ တရားစီရင်ရေးစနစ်တွင် ပြစ်မှုများကို -

(၁) စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးကသာ စီရင်ဆုံးဖြတ်သည့် စနစ်အရသော်လည်းကောင်း၊

(၂) စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးကသာ စီရင်ဆုံးဖြတ်လျှင် တရားမျှတစွာ စီရင်ဆုံးဖြတ်နိုင်မှု အားနည်းနိုင်သည့် အခြေအနေတွင် စီရင်ပိုင်ခွင့်ရှိသည့် တရားသူကြီးနှင့်

ဓလေ့ထုံးတမ်း ဥပဒေများနားလည်တတ်ကျွမ်းသူ သို့မဟုတ် လူထုကယုံကြည်လေးစားမှုရှိသည့် လူပုဂ္ဂိုလ်များပါဝင်သည့် ခုံသမာဓိအဖွဲ့ဖြင့်စုဖွဲ့၍ စီရင်ဆုံးဖြတ်သည့် တရားစီရင်ရေးစနစ်အရ သော်လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ စီရင်ဆုံးဖြတ်နိုင်သည်။

(၃) ယင်းခုံသမာဓိအဖွဲ့ စုဖွဲ့ရာတွင် အမျိုးသမီး အနည်းဆုံး (၃၀)ရာခိုင်နှုန်း ပါဝင်စေရေး အလေးထား ဖော်ဆောင်ရမည်။

(စ) ကရင်နီပြည် တရားရုံးချုပ်၏ သီးခြားထုတ်ပြန်ညွှန်ကြားချက်မရှိလျှင် တရားမ နစ်နာမှုနှင့်စပ်လျဉ်းသည့် အမှုများတွင် နှစ်ဖက်သက်ဆိုင်သူများသည် စိတ်သဘောဆန္ဒအရ သက်ဆိုင်ရာဓလေ့ထုံးတမ်းစဉ်လာအရ သော်လည်းကောင်း၊ စေ့စပ်ညှိနှိုင်းဖြန်ဖြေသည့် နည်းလမ်းအရ သော်လည်းကောင်း ကနဦးဖြေရှင်းဆောင်ရွက်နိုင်သည်။

## ကရင်နီပြည် တရားရုံးချုပ်

၆၅။ ကရင်နီပြည် ကြားကာလတရားရုံးချုပ်၏ ပြည်နယ်တရားစီရင်ရေးအဖွဲ့ကို အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ တရားသူကြီး အနည်းဆုံး (၃)ဦးမှ အများဆုံး (၅)ဦးဖြင့် ဖွဲ့စည်းရမည်-

(က) ကရင်နီပြည်နယ်သူ၊ ပြည်နယ်သား သို့မဟုတ် ကရင်နီပြည်အတိုင်ပင်ခံကောင်စီက ထောက်ခံသူ၊

(ခ) တရားစီရင်ရေးလုပ်ငန်းအတွေ့အကြုံ (၇)နှစ် ရှိသူ သို့မဟုတ် ဥပဒေပညာရှင်ဟု ကရင်နီပြည်အတိုင်ပင်ခံကောင်စီက အသိအမှတ်ပြုသူ၊

(ဂ) တရားမျှတမှု စံတန်းဖိုးကို သိရှိနားလည်ပြီး သမာသမတ်ကျကျဆောင်ရွက်သူ။

## တရားရုံးချုပ်၏ တရားသူကြီးများအား ရွေးချယ်ခန့်အပ်ခြင်း

၆၆။ ကရင်နီပြည်တရားရုံးချုပ် တရားသူကြီးများအား အောက်ပါအတိုင်း ရွေးချယ်ခန့်အပ်ရမည်-

(က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ကောင်စီအတွင်း ဆွေးနွေးညှိနှိုင်း၍ ကရင်နီပြည်တရားရုံးချုပ်၏ တရားသူကြီးများ ရွေးချယ်ရေးကော်မရှင်ကို ဖွဲ့စည်းရမည်၊

(ခ) ကော်မရှင်သည် ကရင်နီပြည် အတိုင်ပင်ခံကောင်စီ၏ သဘောတူညီချက်ဖြင့် ကရင်နီပြည်တရားရုံးချုပ် တရားသူကြီးလောင်းများ၏ အမည်စာရင်းကို အတည်ပြုပေးနိုင်ရန် ကရင်နီပြည်ကြားကာလလွှတ်တော်သို့ တင်သွင်းရမည်၊

(ဂ) ကရင်နီပြည် ကြားကာလလွှတ်တော် ကိုယ်စားလှယ်များ၏ (၇၅)ရာခိုင်နှုန်းမှ သဘောတူလျှင် တရားရုံးချုပ်၊ တရားသူကြီးများကို ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ ခန့်အပ်ရမည်၊

(ဃ) ကရင်နီပြည်တရားရုံးချုပ်၊ တရားသူကြီးများထဲမှ အကြီးအကဲအဖြစ်ရွေးချယ်သော ပုဂ္ဂိုလ်အား ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌမှ တရားသူကြီးချုပ်အဖြစ် ခန့်အပ်ရမည်၊

(င) တရားရုံးချုပ်၏ တရားသူကြီးအဖြစ် ခန့်အပ်ခြင်းခံရသူသည် နိုင်ငံရေးပါတီဝင် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းဖြစ်နေပါက တရားသူကြီးအဖြစ် ခန့်အပ်ခံခြင်းခံရသည်နှင့်တပြိုင်နက် သက်ဆိုင်ရာ နိုင်ငံရေးပါတီဝင် သို့မဟုတ် အဖွဲ့အစည်း၏ အဖွဲ့ဝင် သို့မဟုတ် ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ရမည်၊

(စ) ပြည်နယ်တရားရုံးချုပ်၏ တရားသူကြီးအဖြစ်ခန့်အပ်ခံရသူသည် မူလအဖွဲ့အစည်း၏ တရားစီရင်ရေးနှင့်စပ်လျဉ်းသည့် တရားသူကြီး သို့မဟုတ် ခုံသမာဓိ အဖွဲ့ဝင်ပုဂ္ဂိုလ်ဖြစ်ပါက အထက်ပါအပိုဒ်ခွဲ(င)နှင့် သက်ဆိုင်ခြင်း မရှိစေရ။

## တရားရုံးချုပ် တည်နေရာ

၆၇။ ကရင်နီပြည်တရားရုံးချုပ်အား သင့်လျော်သော တရားစီရင်ရေးလုပ်ငန်းများ ကောင်းမွန်စွာ လုပ်ဆောင်နိုင်သည့် ကရင်နီပြည်အတွင်းရှိ တစ်နေရာတွင် စီမံထားရှိရမည်။

## တရားသူကြီးများ ရွေးချယ်ခန့်အပ်ခြင်း

၆၈။ (က) ကရင်နီပြည်အတွင်းရှိ တရားရုံးအဆင့်ဆင့်၏ တရားသူကြီးများအားရွေးချယ်ခန့်အပ်ရာတွင် အောက်ပါပုဂ္ဂိုလ်များကို ဦးစားပေးခန့်အပ်ရမည်-

(၁) ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ၊

(၂) အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)တွင် ပါဝင်သော တရားသူကြီးများနှင့် ဥပဒေအရာရှိများ၊

(၃) တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းမှ ခန့်အပ်တာဝန်ပေးထားသူများ၊

(၄) တရားမျှတမှု စံတန်ဖိုးကို သိရှိနားလည်ပြီး သမာသမတ်ကျကျဆောင်ရွက်သူများ။

(ခ) ပြည်နယ်တရားရုံးချုပ်သည် အပိုဒ်ခွဲ(က)ပါ အဆင့်ဆင့်သောတရားသူကြီးများကို ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းနှင့်အညီစိစစ်ရွေးချယ်၍ ပြည်နယ်ကြားကာလအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ခန့်အပ်ရမည်။

(ဂ) တရားရုံးအဆင့်ဆင့်ရှိ တရားသူကြီးများကို ခန့်အပ်တာဝန်ပေးရာတွင် လူမျိုး၊ ဘာသာ၊ အသားအရောင်၊ လိင် ခွဲခြားခြင်း မရှိစေရ။

## တရားသူကြီးများ၏သက်တမ်း

၆၉။ (က) တရားသူကြီးများ၏ ရာထူးသက်တမ်းမှာ ကြားကာလနှင့်အသွင်ကူးပြောင်းရေးကာလ လွှဲပြောင်းပြီးမြောက်သည့်အချိန်အထိ ဖြစ်သည်။

(ခ) တရားသူကြီးသည် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားလျှင် သော်လည်းကောင်း၊ ကျန်းမာရေးအခြေအနေကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်မှု မရှိတော့လျှင် သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းကြောင့် တရားသူကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်း ပြည့်မီမှုမရှိတော့ဟု သတ်မှတ်ခြင်းခံရလျှင် သော်လည်းကောင်း၊ နုတ်ထွက်လျှင်သော်လည်းကောင်း သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ တရားသူကြီးတစ်ဦးကို အစား ထိုးခန့်အပ်ရမည်။

## တရားရုံးချုပ်၏ တရားစီရင်ပိုင်ခွင့်အာဏာ

၇၀။ ကရင်နီပြည်တရားရုံးချုပ်သည် ပြည်နယ်၏ တရားစီရင်ပိုင်ခွင့်အာဏာ အမြင့်ဆုံးဖြစ်ပြီး အောက်ပါ မှုခင်းများကို မူလမှုအဖြစ် စစ်ဆေးစီရင်ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

(က) မျိုးနွယ်စု၊ လူမျိုးစုများအကြားတွင် အငြင်းပွားဖွယ်ဖြစ်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်လာသော မှုခင်းများ၊

(ခ) အယူခံမှု၊ ပြင်ဆင်မှု မှုခင်းများ၊ အထူးအယူခံမှု၊

(ဂ) တရားရုံး တစ်ရုံးနှင့်တစ်ရုံး လွှဲပြောင်းသော မှုခင်းများ၊

(ဃ) အငြင်းပွားဖွယ် ပြည်နယ်၏ ကြားကာလအစီအမံကိစ္စရပ်များ။

(င) စာချွန်တော် ကိစ္စရပ်များ၊

(စ) တော်လှန်ရေးသစ္စာဖောက်သည့် မှုခင်းများ။

(ဆ) ဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အမှုများ။

## ကရင်နီပြည် တရားရုံးချုပ်၊ တရားသူကြီးများအား အရေးယူဆောင်ရွက်ခြင်း

၇၁။ (က) ကရင်နီပြည် တရားရုံးချုပ်၊ တရားသူကြီးများအား အောက်ပါအကြောင်းအရာပါ အချက်များအနက် တစ်ရပ်ရပ်ကို ကျူးလွန်သည်ဟုတွေ့ရှိပါက စုံစမ်းစစ်ဆေး အရေးယူရမည်-

(၁) ကရင်နီပြည်၏ ကျေးဇူးသစ္စာကိုဖောက်ဖျက်ခြင်း၊

(၂) ဤ ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ အဂတိလိုက်စားခြင်း၊

(၄) ရာဇဝတ်မှုတခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားခြင်း။

(ခ) အထက်ပါ အပိုဒ်ခွဲ (က) အရ တရားသူကြီးကို စုံစမ်းစစ်ဆေးရာတွင် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ကရင်နီပြည်အတိုင်ပင်ခံကကောင်စီက ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စုံစမ်းစစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်များကို ကရင်နီပြည် အတိုင်ပင်ခံကောင်စီသို့ ပြန်လည်တင်ပြရမည်။

(ဂ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီသည် ယင်းတရားသူကြီးအား စီမံခန့်ခွဲမှုဆိုင်ရာနည်းလမ်းဖြင့် အရေးယူသင့်သည်ဟု ဆုံးဖြတ်လျှင် ပြည်နယ်တရားရုံးချုပ်နှင့် ဇော်စပ်ညှိနှိုင်း၍ အရေးယူနိုင်သည် သို့မဟုတ် ကရင်နီပြည်အတိုင်ပင်ခံကောင်စီက ပြည်နယ်တရားရုံးချုပ်၌ တရားစွဲဆိုရမည်ဟု ဆုံးဖြတ်လျှင် တရားလိုပြုပြီး တရားစွဲဆိုရမည်။

(ဃ) တရားစွဲဆိုခံရစဉ်ကာလတွင် ယင်းတရားသူကြီး၏ ရာထူးအား ဆိုင်းငံ့ထားရမည်။

(င) ကရင်နီပြည်၊ ပြည်နယ်တရားရုံးချုပ်က ယင်းတရားသူကြီးကို ပြစ်မှုထင်ရှားကြောင်း ဆုံးဖြတ်လျှင် ယင်းတရားသူကြီးကို ရာထူးမှထုတ်ပယ်ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

## ကင်းလွတ်ခွင့်

၇၂။ တရားသူကြီးများသည် တင်ကူးကြံရွယ်ထားသော ပြစ်မှုကျူးလွန်ခြင်းမှအပ တရားစွဲဆိုခြင်း မခံထိုက်စေရ။

**တရားသူကြီးများအား အကာအကွယ်ပေးခြင်း**

၇၃။ ကြားကာလအတွင်း ခန့်အပ်တာဝန်ပေးအပ်ထားသည့် တရားသူကြီးများ၏ တရားစီရင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသက်အန္တရာယ်နှင့် လုံခြုံရေးအတွက် အကာအကွယ်ပေးရမည့်အပြင် ကြားကာလအုပ်ချုပ်ရေးကောင်စီမှ တာဝန်ယူ၊ တာဝန်ခံရမည်။

**ဥပဒေရေးရာ ဝန်ဆောင်မှုပေးခြင်းနှင့် အကျဉ်းသားများ စီမံကြီးကြပ်ခြင်း**

၇၄။ ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဥပဒေအရ ကုစားပေးရန်လိုအပ်သည့် ပြည်သူလူထုအား လိုအပ်သည့် ဥပဒေရေးရာ ဝန်ဆောင်မှုပေးနိုင်ရန် ဌာနဖွဲ့စည်းခြင်း၊ ဥပဒေပညာရှင်များခန့်အပ်ခြင်း၊ ဝန်ထမ်းများခန့်အပ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် ရှေ့နေရှေ့ရပ်များအား ကြီးကြပ်ခြင်း ပြုရမည်။

၇၅။ (က) ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီသည် ပြစ်ဒဏ်ကျခံနေသူများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ရမည်။

(ခ) ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လျှော့ပေါ့ခြင်းများ ပြုနိုင်သည်။

## အခန်း (၉)

## အထွေထွေပြဋ္ဌာန်းချက်များ (General Provision)

### ကြားကာလအစီအမံ၏ သက်တမ်း

၇၆။ ကရင်နီပြည်၏ ကြားကာလအစီအမံ သက်တမ်းသည် တော်လှန်ရေးကြားကာလပြီးဆုံးသည် အထိ ဖြစ်သည်။

### ကြားကာလအစီအမံအား တရားဝင်မှုရယူခြင်း

၇၇။ (က) ကရင်နီပြည်၏ ကြားကာလအစီအမံအား ပြည်နယ်အတိုင်ပင်ခံကောင်စီအတွင်း ညှိနှိုင်း သဘောတူ အတည်ပြုရမည်။

(ခ) ကရင်နီပြည်၏ ကြားကာလအစီအမံအား ပြည်နယ်အခြေစိုက် တော်လှန်ရေးအင်အားစုများ အားလုံးပါဝင်သည့် တော်လှန်ရေးအင်အားစုများ ညီလာခံတွင် ထပ်လောင်းအတည်ပြု၍ တရားဝင်မှုကို ရယူမည်။ ယင်းတရားဝင်မှုရယူပြီးသည့်နေ့မှစတင်၍ အကောင်အထည် ဖော်ကျင့်သုံးရမည်။

### ကြားကာလအစီအမံပါ အချက်အလက်များအား ပြင်ဆင်အတည်ပြုခြင်း၊

၇၈။ ဤပြည်နယ်ကြားကာလအစီအမံပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ပြင်ဆင်ဖြည့်စွက်လိုပါက ကရင်နီပြည် အတိုင်ပင်ခံကောင်စီဝင် အင်အားစု အဖွဲ့အစည်းများအကြား အကျေအလည်ဆွေးနွေးပြီး အဖွဲ့ဝင်(၇၅) ရာခိုင်နှုန်း သဘောတူအတည်ပြုချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ခြင်းများကို ပြုလုပ်နိုင်သည်။

### ကော်မရှင်များ ဖွဲ့စည်းခြင်း

၇၉။ ကြားကာလအတွင်း ကရင်နီပြည်၏ အရေးပေါ်ဥပဒေပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် ပြည်နယ်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌမှ အောက်ပါကော်မရှင်များအပြင် လိုအပ်သည့်ကော်မရှင်များအား တိုးချဲ့ ဖွဲ့စည်းနိုင်သည်-

(က) လူ့အခွင့်အရေး ကော်မရှင်၊

(ခ) အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာ ကော်မရှင်၊

(ဂ) စစ်ဘေးရှောင်ရေးရာ ညှိနှိုင်းရေး ကော်မရှင်။

**ဘဏ္ဍာငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်**

၈၀။ ကရင်နီပြည် ကြားကာလအုပ်ချုပ်ရေးကောင်စီ၏ ဘဏ္ဍာရေးဌာနမှ ပြည်နယ်ဘဏ္ဍာရေးဆိုင်ရာ မူဝါဒ(မူကြမ်း)ရေးဆွဲ၍ ကရင်နီပြည်အတိုင်ပင်ခံကောင်စီက အတည်ပြုထုတ်ပြန်ရမည်။ ယင်း အတည်ပြုပြီးသော ပြည်နယ်ဘဏ္ဍာရေးမူဝါဒကို ကရင်နီပြည်အတိုင်ပင်ခံကောင်စီ အပါအဝင် ကြားကာလ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်အသီးသီးတို့က လိုက်နာကျင့်သုံးရမည်။

**အသွင်ကူးပြောင်းရေးကာလ အစီအမံများ**

၈၁။ (က) ကြားကာလအလွန် အသွင်ကူးပြောင်းရေးကာလအတွက် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ် ပေါ်ပေါက်လာစေရန်နှင့် အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိရမည်။

(ခ) ကြားကာလပြီးဆုံးသည်နှင့် ကရင်နီပြည်အတိုင်ပင်ခံကောင်စီမှ ဤပြည်နယ်ကြားကာလ အစီအမံကို ဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာရမည်။

**ကြားကာလအစီအမံများအား တာဝန်ခံအကောင်အထည်ဖော်ဆောင်ရွက်ခြင်း**

၈၂။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင် ပါဝင်သော အစုအဖွဲ့များအနေဖြင့် ဤပြည်နယ်ကြားကာလ အစီအမံအတိုင်း ပြည်နယ်၏တန်းတူရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကျင့်သုံးအကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုဖြင့် အပြည့်အဝလိုက်နာ၊ တာဝန်ယူဆောင်ရွက် ရမည်။

၈၃။ ဤပြည်နယ်ကြားကာလအစီအမံ အတည်မပြုမီ ကရင်နီပြည်အတိုင်ပင်ခံကောင်စီက ဖွဲ့စည်းခဲ့သည့် ပြည်နယ်စီမံအုပ်ချုပ်ရေးဆိုင်ရာကော်မတီများနှင့် ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ကော်မတီများသည် ဤပြည်နယ်ကြားကာလအစီအမံကို အတည်ပြုသည့်နေ့မှစ၍ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေး ကောင်စီ၏ စီမံကွပ်ကဲမှုအောက်တွင် တည်ရှိစေရမည်။

၈၄။ (က) ကရင်နီပြည်အတိုင်ပင်ခံကောင်စီအပါအဝင် ဤကြားကာလအစီအမံအရ ဖွဲ့စည်းပေါ်ပေါက်လာသည့် အဖွဲ့အစည်းတိုင်းသည် ဤကရင်နီပြည်၏ ကြားကာလအစီအမံအား စောင့်သိလိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုရမည်။

(ခ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီတွင် ပါဝင်သည့် တော်လှန်ရေးအင်အားစု သို့မဟုတ် အစုအဖွဲ့တိုင်းသည် ကရင်နီပြည်၏ ကြားကာလအစီအမံကို လိုက်နာရမည်။

(ဂ) ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ အဖွဲ့ဝင်အဖွဲ့စည်းသည် အပိုဒ်ခွဲ(ခ)ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန်ပျက်ကွက်ပါက ကောင်စီအဖွဲ့ဝင်၊ အဖွဲ့အစည်းများအတွင်း ဆွေးနွေးညှိနှိုင်း၍ အဆုံးအဖြတ်ခံယူရမည်။


၈၅။ ကရင်နီပြည်တွင် ကရင်နီပြည် ကြားကာလလွှတ်တော်က သီးခြားပြင်ဆင်ပြဋ္ဌာန်းချက်မရှိလျှင် ဤကရင်နီပြည်၏ ကြားကာလအစီအမံ၊ နိုင်ငံတကာဥပဒေများ၊ လူ့အခွင့်အရေး စံတန်ဖိုးများနှင့် မဆန့်ကျင်လျှင် ရှိရင်းစွဲဥပဒေများကို ဆက်လက်ကျင့်သုံး နိုင်သည်။

၈၆။ ဤကရင်နီပြည် ကြားကာလအစီအမံသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ညီလာခံမှ အတည်ပြုသည့် ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစ၍ စတင်အာဏာတည်သည်။

**နောက်ဆက်တွဲဇယား (၁)**

## ကရင်နီပြည်အတိုင်ပင်ခံကောင်စီနှင့် ကရင်နီပြည်ကြားကာလအုပ်ချုပ်ရေးကောင်စီတို့ ပူးတွဲ ပြင်ဆင်မည့် ဦးစားပေးမူဝါဒများ

| စဉ် | မူဝါဒများ | မှတ်ချက် |
|---|---|---|
| ၁ | ပညာရေး | |
| ၂ | ကျန်းမာရေး | |
| ၃ | ဒေသန္တရအုပ်ချုပ်ရေး | |
| ၄ | ကြားကာလနိုင်ငံရေးဆိုင်ရာကိစ္စရပ်များ | |
| ၅ | နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေး | |
| ၆ | ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ | |
| ၇ | နိုင်ငံခြားရေးမူဝါဒ | |
| ၈ | အိမ်နီနားချင်းနိုင်ငံများနှင့် ဆိုင်သည့်ကိစ္စများ | |
| ၉ | တပ်ပေါင်းစုဖွဲ့စည်းရေး လုပ်ငန်းစဉ်များ | |
| ၁၀ | အခွန်မူဝါဒ | |



ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
(Karenni State Consultative Council - KSCC)